# လူ့ဝန်းကျင်မှ ထူးခြားဖြစ်စဉ် ဗုဒ္ဓစာအမြင်

ရတနာသိဃ်

ရေးသည်

# လူ့ဝန်းကျင်မှ

# ထူးခြားဖြစ်စဉ်

# ဗုဒ္ဓစာအမြင်

ရတနာသိင်္ဃ–ရေးသည်

ဘာသာရေးဆိုင်ရာစာမူခွင့်ပြုချက်
အမှတ်- ၁၃/၉၆ (၉)
မျက်နှာဖုံးခွင့်ပြုချက်အမှတ်- (၃၀/၉၆) (၉)

၁၉၉၆ခုနှစ်
အောက်တိုဘာလ
ဒုတိယအကြိမ်
အုပ်ရေ-၁၀၀၀
တန်ဖိုး (၃၀)ကျပ်

**စီစဉ်သူ**
ဦးသိန်းအောင်
(ရွှေလဝင်း)

**အဖုံးပန်းချီ**
ဆန်းဒေး

ထုတ်ဝေသူ
ဦးမြသန်း (၀၁၀၅၀)
အသိုင်းအဝိုင်းစာပေ
အမှတ်-၃၅၊ ဇွဲစုံရပ်
ကမ္ဘာအေး၊ ရန်ကုန်မြို့။

အတွင်း/အဖုံးပုံနှိပ်သူ
ဦးကျော်ဇင် (မြဲ-၀၄၂၂၉)
နိုင်ရည်မွန် အော့ဆက်၊
၈၁၊
ဗိုလ်ချုပ်အောင်ဆန်းလမ်း၊
ပုဇွန်တောင်မြို့နယ်၊
ရန်ကုန်မြို့။

**ဖြန့်ချိရေး**

ရွှေလဝင်းစာပေ၊ အမှတ်-၁၄၄၊ လမ်း-၅၀၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၂၉၁၂၁၃

# မာတိကာ


အကြောင်းပြစကား . . . . . . . . . . . . . . . . ၁

၁။ ( ဥပါဒါန ပစ္စယာ ဘဝေါ )
စွဲလမ်းမှု ဥပါဒါန်ကြောင့် ဘဝဖြစ်ခြင်း
(စွဲလမ်းမှု ဥပါဒါန်ကြောင့်
ကောင်း, မကောင်း ဘဝကူးပြောင်းရပုံ
မျက်မှောက်လောက သာဓကများ) စာမျက်နှာ . . ၅ - မှာရှု

၂။ ဆေးမိသူ (သို့မဟုတ်) ပိယဆေးမိသူအား
ဓမ္မနည်းကျ ကုစားနည်း
(မျက်မှောက်ကာလ လူ့ဝန်းကျင်၌
ကြုံတွေ့ရလေ့ရှိသည့် ပြဿနာ၊
ဖြစ်လာလျှင် လူတိုင်း ကုသနိုင်သော
နည်းလမ်းဖော်ဆောင်ချက်) စာမျက်နှာ . . ၁၃ - မှာရှု

၃။ နှလုံးသွေးနှင့် ရောဂါဝေဒနာ
(နှလုံးရောဂါ၊ သွေးတိုးရောဂါ-စသည့်
ရောဂါမျိုးများရှိလျှင်
နှလုံးသွေး ကြည်လင်အောင်ပြုသင့်ပုံ၊
ရှေးခေတ်သာဓက အချို့
ဖော်ဆောင်ချက်) စာမျက်နှာ . . ၁၇ - မှာရှု

၄။ နတ်မင်းကြီး လေးပါးတို့၏ လက်အောက်ခံ
နတ်မိစ္ဆာ နတ်ဘီလူး-
ပြိတ္တာ - တစ္ဆေ - အစိမ်းသရဲ-
စသည်များနှင့်
လူ့လောက
(ရှေးခေတ်, ခုခေတ်
ဘီလူးပူးကပ် ခံရပုံများ၊
လူ့ဝန်းကျင်မှ စုန်း၊
ကံသာ ဆရာတော်၏
ဘီလူး, ပြိတ္တာကိုယ်တွေ့ဖြစ်ရပ်များ၊
လူ့ဝန်းကျင်မှ
မျက်မှောက်သာဓက
ဖြစ်ရပ်မှန်များ) စာမျက်နှာ . ၂၅ - မှာရှု

၅။ လူ့ဝန်းကျင်မှ ဘုတ် (ဖုတ်) ပြိတ္တာများ
(ဖုတ်ဝင်ပုံ အကြောင်း၊
ဖုတ် (ဘုတ်) ဝင်လျှင် ကုစားကြပုံ၊
ရှေးက ရဟန်းတစ်ပါး
အလောင်းကောင်မှ အဝတ်ပုံသကူကောက်ပုံ၊
အလောင်းကောင်ကြီး ထ, လိုက်လာပုံ၊
ညောင်လေးပင်တောရ
ဆရာတော်၏ ဩဝါဒ) စာမျက်နှာ . ၆၅ - မှာရှု

၆။ <u>သင်ခန်းစာ ယူစရာဖြစ်ရပ်တစ်ခု</u>

(တရားကျောင် တစ်ဦး၏
ဆုံးရှုံးရမှု ဘဝဇာတ်လမ်း၊
အတွေးအခေါ် အယူအဆများပုံ၊
ရဟန္တာ၏ သဘော၊
ကိုယ့် ကိုကိုယ်
သတ်သေခြင်း၏ သဘော) စာမျက်နှာ . . ၇၃ - မှာရှု

၇။ <u>အပေးအယူ</u>

(လောကုတ္တရာ အမွေကို ခံယူသင့်ပုံ၊
မိဘတို့ ပေးသောအမွေကို
သားသမီးတို့
ခံယူတတ်မှ ရရှိနိုင်ပုံ၊
မျက်မှောက် သာဓကပြဆိုချက်၊
လမ်းညွှန်သူနှင့် လမ်းသွားသူ
ဗုဒ္ဓဟောကြားချက်) စာမျက်နှာ . . ၇၉ - မှာရှု

၈။ <u>လူ့ဝန်းကျင်မှာ</u>
<u>နာမည်ကြီးသည့် သိကြားမင်း</u>

(လူ့ဝန်းကျင်မှာ - အကောင်းထင်, အဆိုးထင်
ထင်ခံနေရသည့် သိကြားမင်း၊

ဟုတ်တာတွေရော,
မဟုတ်တာတွေရော
သောင်းပြောင်း ထင်ကြေးပေးခံနေရသည့်
သိကြားမင်း၊
၎င်းသိကြားမင်း အကြောင်း
သိသင့်သမျှ သိဖို့ ဖော်ပြချက်) စာမျက်နှာ. . ၈၇ - မှာရှု

၉။ <u>ပဏ္ဏာချက် - ဥဘတောဗျည်း</u>
<u>(သို့မဟုတ်)</u>
<u>လိင်ပြန်ခြင်းအကြောင်း သိကောင်းစရာ</u>
(ယောကျ်ားမှ မိန်းမ၊
မိန်းမမှ ယောကျ်ား
လိင်ပြန်တတ်ပုံ အကြောင်း
စသည်များကို ဗုဒ္ဓစာပေရှုထောင့်မှ
ကြည့်မြင်ခြင်း) စာမျက်နှာ. . ၁၀၀ - မှာရှု



နမော တဿ ဘဂဝတော အရဟတော

သမ္မာသမ္ဗုဒ္ဓဿ

* * *

# လူ့ဝန်းကျင်မှ ထူးခြားဖြစ်စဉ်

# ဗုဒ္ဓစာအမြင်

## အကြောင်းပြ စကား

အကြောင်းပြ စကား အနည်းငယ် တင်ပြပါရစေ။

ဤစာအုပ်၌ -

-'လူ့ဝန်းကျင်မှ ထူးခြားဖြစ်စဉ်'-

ဟူသော စကားနှင့် -

-'ဗုဒ္ဓစာအမြင်'

ဟူသော စကားတို့ကို တွေ့ရပါမည်။

လူ့ဝန်းကျင်၌ ဖြစ်စဉ်-ဖြစ်ရပ်တွေများစွာရှိရာ
ဤနေရာ၌
ကျွန်တော် ရည်ညွှန်းသည့် ဖြစ်စဉ်ဖြစ်ရပ်မှာ
' ထူးခြားသော ဖြစ်စဉ် ဖြစ်ရပ်မျိုး ' ဖြစ်ပါသည်။
ဤစာအုပ်တွင်
လူ့ဝန်းကျင်၌ ဖြစ်ပေါ်လေ့ရှိသော-
ထူးခြားသောဖြစ်စဉ်- ဖြစ်ရပ်များကို
စုစည်းဖော်ပြထားပါသည်၊
သို့ဖြစ်၍-
စာအုပ်၏အမည်ကို ,
' လူ့ဝန်းကျင်မှ ထူးခြားဖြစ်စဉ် '- ဟု
အမည် ပေးထားခြင်း ဖြစ်ပါသည်။

လူ့ဝန်းကျင်မှ
ထိုသို့ ထူးထူးခြားခြား
ဖြစ်လာမှုများကို
ဗုဒ္ဓစာပေ ပိဋကတ်တော်ရှုထောင့်မှ ကြည့်ကာ
ညှိနှိုင်း, သုံးသပ်, တင်ပြချက်များကို
အခြေပြုလျက်
ဤစာအုပ်၏ အမည်တွင်
‘ ဗုဒ္ဓစာအမြင် ’
ဟူသော စာသားကိုပါ
ဖော်ပြထားခြင်း ဖြစ်ပါသည်။
လူ့ဝန်းကျင်၌
လူတို့မျက်စိဖြင့် မမြင်နိုင်သော

ပြိတ္တာနွယ်ဝင် မိစ္ဆာကောင်တွေ
ရှိနေကြသည်၊
ထိုမိစ္ဆာကောင်တို့၏ နှောင့်ယှက်မှုဖြင့်
လူတို့ ကြုံရတတ်၏။
ဤစာအုပ်တွင်
ယင်းသို့သော
အဖြစ် အပျက် သာဓကများ၊
ဗုဒ္ဓဓမ္မနည်းကျ
တွန်းလှန်ဖယ်ရှား ကုစားခဲ့ကြပုံများကို
စုစည်းဖော်ပြ ထားပါကြောင်း
တင်ပြအပ်ပါသည်။
စာရှုသူများ အမြင်ကြည်လင်စွာဖြင့်
ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ, ချမ်းသာကြပါစေ။

( ရတနာသိင်္ဃ )

# စွဲလမ်းမှုဥပါဒါန်ကြောင့် ဘဝဖြစ်ခြင်း
## [ဥပါဒါန ပစ္စယာ ဘဝေါ]

မြတ်ဗုဒ္ဓ ဟောကြားတော်မူသည့် ပဋိစ္စသမုပ္ပာဒ် တရားဒေသနာတော်၌ 'ဥပါဒါန ပစ္စယာ ဘဝေါ' ဟူသော စကားတစ်ရပ် ပါရှိပေသည်။ 'စွဲလမ်းမှု ဥပါဒါန်ကြောင့် ဘဝဖြစ်၏' ဟု ဆိုလိုပေသည်။

ဤစွဲလမ်းမှု ဥပါဒါန်ကြောင့် ဘဝတစ်ခုဖြစ်ရမှုများကို လေ့လာကြည့်လျှင် ဤမျက်မှောက်ကာလ၌ပင် တွေ့နိုင်ပေသည်။ ဤ၌ သာဓကအချို့ကို အနည်းငယ် တင်ပြလိုပေသည်။

စာရေးသူတို့၏ဒေသ ရွာတစ်ရွာတွင် 'ကျားကြီး' အမည်ရှိ လူတစ်ဦးရှိပါသည်။ ဤစာရေးသူ ငယ်စဉ်ဘဝက ထို 'ကျားကြီး' ဆိုသူနှင့် မကြာခဏတွေ့ဆုံရလေ့ရှိပါသည်။ သူ၏ ကိုယ်တစ်နေရာ၌ ဒဏ်ရာတစ်ခုကို တွေ့ရပြီး သူ၏

မျက်လုံးများမှာ ကျားမျက်လုံးကဲ့သို့ ဖြစ်နေပါသည်။ ခေါင်းမွေးများမှာလည်း ကျားမွေးဆန်ဆန် ဖြစ်နေသည်ကို တွေ့ရပါသည်။

သူ၏အကြောင်းကို နောင်သော် တဖြည်းဖြည်းချင်း ဤသို့ သိရှိနားလည်လာရပါသည်။

မောင်ကျားကြီးသည် လွန်ခဲ့သည့်ဘဝက တိရစ္ဆာန်ကျားတစ်ကောင် ဖြစ်ခဲ့ရသည်ဟု ဆိုပါသည်။ တစ်နေ့တွင် အကြောင်းအမျိုးမျိုးကြောင့် သူသည် ရွာတစ်ရွာအတွင်းသို့ ရောက်ခဲ့သည်။ ပြေးရင်းလွှားရင်းဖြင့် နောက်ဆုံး အိမ်ဝင်းတစ်ခု၏ စပါးကျီတိုက်တစ်ခုအောက်၌ ဝင်၍ ဝပ်နေမိသည်။ ထိုစဉ်တွင် လူများက သူ့အား လက်နက်မျိုးစုံဖြင့် ဝိုင်းဝန်းပစ်ခတ် တိုက်ခိုက်ကြတော့သည်။

နောက်ဆုံးတွင် ကျားကြီးသည် လူတစ်ဦး၏ လက်နက်တစ်ခုဒဏ်ချက်ဖြင့် အသက်ထွက်သွားရရှာတော့သည်။ ထိုကျားကြီးသေသွားပြီးနောက် ထိုရွာမှ လူမိန်းမတစ်ဦး၏ ဝမ်းတွင်း၌ သွားရောက်ဝင်စားသည်။ အမှန်မှာ ဤဝင်စားသည်ဟုဆိုသော စကားသည် ထိုကျားသေပြီး လူမိခင်တစ်ဦး၏ ဝမ်းတွင်း၌ ပဋိသန္ဓေ တည်နေခြင်းကို ဆိုလိုပါသည်။

ဤဖြစ်စဉ်ကိုကြည့်လျှင် တိရစ္ဆာန်ဖြစ်သည့် ကျားကြီးသည် လူအများစုဝိုင်းထားခြင်းကိုလည်း ခံနေရသည်၊ လူတွေကိုသာ သူ့မျက်စိ, သူ့အာရုံ၌ ထင်မြင်နေသည်၊ ထိုအချိန်တွင် သူ့အား လက်နက်တစ်ခုဖြင့် သတ်ခြင်းကို ခံလိုက်ရသည်၊ စုတိစိတ်ကျသည့်အချိန် တစ်နည်းအားဖြင့် အသက်ထွက်နေသည့်အချိန်တွင် လူတွေကိုသာ အာရုံယူ, စွဲလမ်းရင်း စုတိစိတ်ကျ အသက်ထွက်သွားရပေသည်။ သို့ဖြင့် ဥပါဒါန ပစ္စယာ ဘဝေါ ဆိုသည့်အတိုင်း စွဲလမ်းမှု ဥပါဒါန်ကြောင့် ဘဝတစ်ခု ဖြစ်သွားရသည်။ တိရစ္ဆာန် ကျားတစ်ကောင်ဘဝမှ လူတစ်ဦးဘဝ ရောက်ခဲ့ရခြင်းဖြစ်သည်။

ဤသို့သော အလားတူအဖြစ်မျိုးတွေ များစွာရှိသည်။ မြန်မာဗုဒ္ဓဘာသာဝင်များက ဤသို့သော အနေအထားမျိုးဖြင့် လူ့ဘဝရောက်လာသူကို 'ဝင်စားလာသူ' ဟု ပြောကြသည်။ လူ့ဘဝမှလူအဖြစ် ပြန်ဝင်စားလာသူကို လူဝင်စား၊ တိရစ္ဆာန်ဘဝမှ လူအဖြစ်ရောက်လာသူကို မျောက်ဘဝကလာလျှင် မျောက်ဝင်စား၊ ခွေးဘဝကလာလျှင် ခွေးဝင်စား၊ နွားဘဝကလာလျှင် နွားဝင်စား စသည်ဖြင့် ခေါ်ဝေါ်, သုံးနှုန်းလေ့ရှိကြပါသည်။

'ဝင်စားသည်' ဆိုသူတိုင်း ရှေးဘဝမှ အဖြစ်အပျက်များကို ပြန်လည်ပြောပြတတ်လေ့ရှိပါသည်။ ထိုသို့ ပြောပြ

တတ်သူကိုမှလည်း ‘ဝင်စား’ သူဟု သတ်မှတ်လေ့ရှိကြပါ သည်။

အထက်ဖော်ပြပါ တိရစ္ဆာန်ကျားကြီးသေပြီး လူ့ဘဝ ဖြစ်တည်လာကာ အသက်အရွယ်ကလေးရ၍ စကားပြော တတ်, သိနားလည်တတ်သောအချိန်တွင် သူ၏နောက်ဘဝက အဖြစ် အပျက်များကို မည်သူကမျှ အစဖော်မပေးရ သင်မပေးရဘဲ သူ့အလိုအလျောက် အတိအကျ ပြန်လည် ပြောပြနေတတ်သည်ကို တွေ့ကြရပေသည်။

ဤ၌ အနည်းငယ် ကောက်ချက်ချပြလိုပါသည်၊ သူ သည် တိရစ္ဆာန်ဘဝမှ လူ့ဘဝရောက်လာရသည်၊ ဤအရာ၌ သူ၏ စွဲလမ်းမှု ဥပါဒါန်သည် ကောင်းခြင်းသဘော ဆောင် သည်ဟုပင် ယူဆရပေမည်။ အဘယ့်ကြောင့်ဆိုသော် တိရစ္ဆာန် ဘဝတစ်ခုမှ အဆုံးသတ်ခဲ့ပြီး စွဲလမ်းမှုဥပါဒါန်ကို အခြေခံ ကာ လူ့ဘဝ ရောက်လာရသောကြောင့် ဖြစ်သည်။

လူ့ဘဝ၌ ကုသိုလ်ကံအမျိုးမျိုးကို ပြုလုပ်ကာ ရှေ့ခရီး ဆက် ကောင်းအောင်ကြိုးစားနိုင်ရန် အခွင့်အလမ်းတွေ အများ ကြီးရှိနေပုံ စဉ်းစားကြည့်နိုင်၏။

ဤ၌ ခြုံ၍ပြောရလျှင် ကျားကြီးသည် လူတွေကြားထဲ ရောက်လာကာ တိရစ္ဆာန်ကျားကြီးဘဝမှ လူအဖြစ် ရောက်ခဲ့

ရသည်၊ စိတ်အာရုံ၏ အစွဲအလမ်းကို အခြေခံပြီး ရောက်ရှိလာရသည်၊ ထို့ကြောင့် စွဲလမ်းမှုဥပါဒါန်သည် အရေးကြီးလှကြောင်း စဉ်းစားကြည့်နိုင်၏။

မဟာစည်ဆရာတော်ဘုရားကြီး၏ 'ဓမ္မစကြာတရားတော်ကြီး' စာအုပ်၌ပါသည့် 'ငညိုရဲ့ ဆန်တစ်စလယ်' အကြောင်း ဟောကြားချက်မှာ သတိထားကာ သံဝေဂယူစရာပင် ဖြစ်ပါသည်။

၁၂၇၀–၈၀ ခုနှစ်ခန့်အတွင်းက တောင်တွင်းကြီးမြို့ အရှေ့မြောက်ဘက် ၁၀ မိုင်ခန့်အကွာ၌ရှိသော ချောင်းဆုံရွာတွင် 'ငညိုနှင့် ကံကြီး' ဟူသော သူငယ်ချင်းနှစ်ဦးရှိသည်၊ ကွမ်းရောင်းသည့်အလုပ်ကို လုပ်ကြသည်၊ တစ်နေ့တွင် ကံကြီးသည် အိမ်၌ဆန်မရှိဖြစ်နေ၍ ငညို့ထံမှ ဆန်တစ်စလယ် ချေးပြီး ချက်စားရသည်၊ ထို့နောက် သူတို့နှစ်ဦး ကွမ်းရောင်းသွားကြသော ရက်တစ်ရက်အပြန်တွင် ကံကြီးမှာ လမ်း၌ မြွေကိုက်၍သေလေသည်။

ကံကြီးသည် သေခါနီး၌ ငညို့ထံမှ ဆန်တစ်စလယ် အကြွေးကို စိတ်အာရုံ၌ ထင်မြင်သွားပေလိမ့်မည်၊ ထို့ကြောင့် ကံကြီးခမျာ သေပြီးနောက် ငညို့အိမ်၌ဂုဏ်ဖ ကြီးတစ်ကောင် သွားဖြစ်ရသည်။ ငညိုသည် ကြက်တိုက်လေ့ရှိရာ၌ ကံကြီး တစ်ဖြစ်လဲ ထိုကြက်ဖကြီးဖြင့်တိုက်ရာ (၃) ကြိမ်တိုင်တိုင်

အနိုင်ရ၏၊ (၄) ကြိမ်မြောက်တွင်ရှုံးသည်။ ညှိုသည် စိတ်တိုပြီး သူ့ကြက်ဖကြီးကို ခြေနှစ်ချောင်းမှ ကိုင်ရိုက်လိုက်ပြီး မသေမရှင်ဖြင့် ရေအိုးစင်အောက် ပစ်ထားလိုက်သည်။ ဤတွင် ထိုကြက်ဖကြီးကို နွားမကြီးတစ်ကောင်က နမ်းရှူခြင်းပြုလာ၏။ ထိုစဉ်ကံကြီးဘဝမှလာသော ကြက်ဖကြီးလည်း သေဆုံးလျက် ထိုနွားမကြီးဝမ်းတွင် ပဋိသန္ဓေနေကာ နွားကလေးဘဝရောက်ရပြန်သည်။ ကံကြီးသည် ကြက်ဘဝမှ နွားဘဝသို့ ရောက်သွားရခြင်းဖြစ်၏။ ဤတွင် စိတ်၏စွဲလမ်းမှု စွမ်းအင်သတ္တိကို စဉ်းစားရာ၏။

ထိုနွားဘဝတွင် အတော်ကလေးကြီးလာတော့ ညှိုနှင့် မိတ်ဆွေတစ်စုတို့က ထိုနွားကလေးကို ငွေ 'လေးကျပ်' ပေးဝယ်ကာ သတ်စားကြပြန်လေ၏။ ထိုနွားကလေး သတ်နေစဉ် ကောင်တွင်းကြီးမှ စားရေးကြီးလင်မယား အနီးအနားသို့ရောက်လာကာ နွားကလေးကို သနားစွာဖြင့်ကြည့်ပြီး ကရုဏာစကားများ ပြောကြားနေကြ၏။ ထိုနွားကလေးသေပြီးသောအခါ ဘေးမှာ ကရုဏာဖြင့်ကြည့်နေသည့် စာရေးကတော်ကြီး၏ ဝမ်းဗိုက်၌ ပဋိသန္ဓေတည်လေသည်။ ဤသို့ဖြင့် ကံကြီးသည် ကြက်ဘဝမှ နွားဘဝသို့ရောက်ပြီး ယခုလူလာ ဖြစ်ရပြန်သည်။

ထိုစာရေးကတော်ကြီးမှ မွေးဖွားပြီးနောက် ကလေးသည် (၇) နှစ်သားအရွယ်ထိ စကားမပြောဘဲနေသည်၊ တစ်နေ့တွင် မိဘများက 'ငါ့သား၊ ဒီနေ့ တို့လခထုတ်မယ့်နေ့ ဖြစ်တယ်၊ ဟိုဟာဝယ်ပေးမယ် ဒီဟာဝယ်ပေးမယ်' စသည်ဖြင့် ချော့မော့ပြောရာ ကလေး၏ပါးစပ်မှ 'ညိုဆန်တစ်စလယ်' ဟု အသံထွက်လာ၏။ ဖခင်က 'စကားသာပြော၊ ဆန်တစ်စလယ်မကဘူး၊ တစ်အိတ်ဆိုလဲရမယ်' ဟု ပြောရာ သားက 'ဒီလိုဆို ဆန်တစ်အိတ် လှည်းပေါ်တင်' ဟု ဆိုသဖြင့် ဆန်တစ်အိတ် လှည်းပေါ်တင်ကာ ကလေးလမ်းညွှန်ပြသည့်အတိုင်း ညိုအိမ်သို့ ထွက်ခဲ့ကြသည်။ ညိုကို တွေ့သောအခါ ကလေးက 'ဟေ့ ညို၊ မင်းငါ့ကို မမှတ်မိတော့ဘူးလားကွ' ဟု ဆိုလိုက်ရာ လူကြီးဖြစ်သူညိုက သူ့ကို ကလေးက ယင်းသို့ခေါ်ရ ပြောရကောင်းလားဟုဆိုကာ စိတ်တိုသွားသည်။ ထိုအခါ ကလေးက ညိုကို ပြန်တောင်းပန်ပြီး ရှေးကဖြစ်ကြောင်းများကို အကုန်အစင်ပြောပြလိုက်တော့သည်။ ထိုအခါကျမှ ညိုသည် ဝမ်းနည်းခြင်းကြီးစွာဖြင့် ငိုကြွေးလေတော့၏။

ယင်းအကြောင်းကို ၁၃၁၃ ခုနှစ်ခန့်က ဦးညို (ညို) ကိုယ်တိုင် ရေစကြိုမှ ဦးဘသင်အား ပြောပြကြောင်း၊ ယင်း

ပြောပြချက်ကိုပင် မဟာစည်ဆရာတော်ဘုရားကြီးက ‘ဓမ္မစကြာတရားတော်ကြီး’ စာအုပ်၌ ထည့်သွင်းဟောကြားခဲ့ကြောင်း လေ့လာ, တွေ့ရှိရ၏။

ဤတွင် စိတ်၏စွဲလမ်းမှု စွမ်းအင်သတ္တိ အရေးကြီးပုံကို ဆင်ခြင်ကြည့်နိုင်၏၊ ကံကြီးသည် သေခါနီးကာလ၌ ဆန်ကြွေးတစ်စလယ်ကို စိတ်အာရုံ၌ထင်ကာ နှလုံးပူပန်ခြင်း၊ နှလုံးမသာယာခြင်း စသည်ဖြစ်သွားပေမည်။ ထိုအစွဲကြောင့်ပင် အပါယ်လေးပါး၌ တစ်ပါးအပါအဝင်ဖြစ်သော တိရစ္ဆာန်ကြက်ဘဝ ရောက်သွားရပုံ ကြည့်မြင်နိုင်၏။ ထို့နောက် စိတ်၏စွဲလမ်းမှု စွမ်းအင်သတ္တိကြောင့် နွားမကြီးဝမ်းဗိုက်၌ ပဋိသန္ဓေနေကာ နွားကလေးဘဝ ရောက်ရပုံမှာလည်း သံဝေဂယူစရာပင်ဖြစ်၏။ နောက်ဆုံး ကရဏာရှင် စာရေးကတော်ကြီး၏ ဝမ်းဗိုက်၌ ပဋိသန္ဓေနေကာ လူလာဖြစ်ရသည်မှာလည်း စိတ်၏စွဲလမ်းမှု စွမ်းအင်သတ္တိကြောင့်ပင် ဖြစ်ပါသည်။ ထို့ကြောင့် စွဲလမ်းမှု ဥပါဒါန်ကြောင့် ကောင်း, မကောင်း ဘဝတစ်ခုသို့ ကူးပြောင်းရောက်ရှိနိုင်ပုံကို စဉ်းစားဆင်ခြင်နိုင်ကြပါသည်။ ‘ဥပါဒါန်ကြောင့် ဥပဒ်ရောက်’ ဟူသော မြန်မာစကားပုံကိုလည်း သတိမူ ဆင်ခြင်ကြလျက် ကောင်းသော စွဲလမ်းမှု ဖြစ်စေသင့်ကြပေသတည်း။

## ဆေးမိသူ
## (သို့မဟုတ်)
## ဝိယဆေးမိသူအား မမွနည်းကျ ကုစားနည်း

ယခု မျက်မှောက်ကာလ၌ ပီယဆေးမိသူများအကြောင်း ကို ကြားရဖူးပါသည်။ ဤပီယဆေး၏ သဘောမှာ တစ်ဖက်လူက မိမိအား မနေနိုင်, မထိုင်နိုင် ချစ်လာအောင် ဆွဲဆောင်, လုပ်ကြံနည်းတစ်မျိုးပင် ဖြစ်ပါသည်။ ဤပညာရပ်သည် ယုတ်ညံ့သော အောက်လမ်းနည်းပညာတစ်မျိုး ဖြစ်၍ ကောင်းခြင်းလက္ခဏာ မရှိသည့် ပညာရပ်မျိုး ဖြစ်ပါသည်။ အားမပေးသင့်သည့် ပညာရပ်မျိုးလည်း ဖြစ်ပါသည်။

ဤတွင် ဘုရားရှင်လက်ထက်တော်အခါက ရဟန်းငယ်တစ်ပါး ပီယဆေးမိ၍ ဗုဒ္ဓဘုရားရှင်ကိုယ်တော်တိုင် တရားနည်းကျ ကုစားခဲ့ရပုံကို တင်ပြလိုပါသည်။ တွေ့ကြုံရင်ဆိုင်လာရပါက နည်းယူကာ လက်တွေ့အသုံးချနိုင်ရန် တင်ပြခြင်းဖြစ်ပါသည်။

ဘုရားရှင်လက်ထက်တော်အခါက ရဟန်းငယ်တစ်ပါးသည် ဆွမ်းခံရာအရပ်မှ မိန်းကလေးတစ်ဦး၏ ပီယဆေးခပ်ထားခြင်းခံရသည်။ ထိုပီယဆေးမိသော ရဟန်းငယ်သည် တွေဝေထိုင်းမှိုင်းခြင်းရောဂါ ဖြစ်နေသည်၊ ထိုပီယဆေး ခပ်ထည့်လိုက်သည့် မိန်းကလေးအပေါ် ချစ်ခင်, စွဲလမ်းစိတ်တွေ များပြားနေ၏။

ထိုအကြောင်းကို မြတ်စွာဘုရားအား လျှောက်ထားရာ မြတ်စွာဘုရားက တရားနည်းကျ ဆေးနည်းကောင်းကို ချီးမြှင့်တော်မူပါ၏။ မြတ်စွာဘုရား ချီးမြှင့်တော်မူသည့် ကုသနည်း-ဆေးနည်းမှာ 'ထိုဝေဒနာရှင်အား ထယ်သွား, ထွန်သွား၌ ကပ်နေသည့် မြေစိုင်ခဲကို ရေဖျော်၍ တိုက်ရမည်' ဟူ၍ပင် ဖြစ်ပါသည်။ မြတ်စွာဘုရားပေးသည့် ၎င်းနည်းအတိုင်း ပြုလုပ်ပေးသဖြင့် ဝေဒနာခံစားနေ ရသော ရဟန်းတော်လေးမှာ ရောဂါပျောက်ငြိမ်းသွားတော့၏။ (ဝိနည်း၊ မဟာဝါပါဠိတော်နှင့် အဋ္ဌကထာ)

ဤသို့သော ဝေဒနာဒဏ် ခံစားနေရသူအား 'ထယ်သွား, ထွန်သွား၌ ကပ်နေသည့် မြေစိုင်ခဲကို ရေဖျော်တိုက်ရမည်' ဆိုရာတွင် တိုက်ပုံ တိုက်နည်းမှာ ကိုယ့်နည်းကိုယ့်ဟန်ဖြင့် တိုက်နိုင်ပါသည်။ ရေသည် ရိုးရိုးရေမဟုတ်ဘဲ

ပရိတ်, မေတ္တာရေ၊ သစ္စာရေ စသည်မျိုးဖြစ်လျှင် ပို၍ကောင်းမည်ကို စဉ်းစားကြည့်နိုင်ပါ၏။

ဘုရားရှေ့တော်တွင် ရေကို လိုသလောက် ဖန်ခွက်ထဲထည့်၊ အန္တရာယ်ကင်း ဘေးကင်းစေမည့် ပရိတ်, မေတ္တာ သစ္စာ, ဂုဏ်တော်, ဂါထာ စသည်များဖြင့် ရွတ်ဖတ်, ထုံမွမ်းပြီးသောရေနှင့် မြေစိုင်ခဲရောစပ်ထားသော ရေမျိုးကို တိုက်လျှင် ပို၍အစွမ်းထက်မြက်နိုင်သည်ကို ဆင်ခြင်, စဉ်းစားကြည့်နိုင်ပါ၏။ ၎င်းဆေးရေကို သောက်ပြီးနောက် ဝမ်းသွားပါမည်၊ ဆီးများလည်း သွားပါမည်။ ၎င်း ဆီး, ဝမ်းတို့နှင့် အတူ ရောဂါပါသွားမည်ဖြစ်ပြီး ပျောက်ကင်းသွားပါမည်။

ဤသို့သော ရောဂါဝေဒနာ ခံစားနေရသူသည် မိမိကိုယ်တိုင် ခံစားရသည့် အဖြစ်အပျက်ကိုတော့ မိမိ ပြေပြေလည်လည် နားလည်ပေမည်။ ဘေးကလူကား ကာယကံရှင်က ပွင့်ပွင့်လင်းလင်း ပြောပြမှ နားလည်နိုင်မည် ဖြစ်ပါသည်။ ဘေးက ခန့်မှန်းရသူအနေဖြင့် ယောင်ဝါးဝါးမျှသာ ခန့်မှန်းနိုင်မည် ဖြစ်သည်။ ရောဂါဝေဒနာ ခံစားရချက်ကို တိတိကျကျ သိရပါက ကုသဖို့ လွယ်ပါသည်။ မိမိကိုယ်တိုင်လည်း ကုသ၍ ရသည်၊ သူတစ်ပါးက ကုသရန်လည်း လွယ်ပါသည်၊ အကယ်၍ ဘေးကလူတစ်ဦးဦးက ခန့်မှန်း၍

ကုသပေးမည့်အနေအထားမျိုးဆိုပါက ထိုဆေးမိထား၍ ရောဂါဝေဒနာ ခံစားနေရသူ၏ လက္ခဏာမှာ တမှိုင်မှိုင်, တတွေတွေ ဖြစ်နေတတ်ခြင်း၊ မစားနိုင် မအိပ်နိုင် ပုံစံမျိုး ရှိနေတတ်ခြင်း၊ မေ့လျော့ထိုင်းမှိုင်းစွာ ရှိနေတတ်ခြင်း၊ စုန်းကိုင်သလို နတ်ကိုင်သလို ရှိနေတတ်ခြင်း စသည့်လက္ခဏာမျိုးများ ပေါ်ပေါက်နေတတ်ပါသည်။

အဆိုပါ ရောဂါကုစားနည်းကို ဝိနည်း၊ မဟာဝါပါဠိတော်နှင့် အဋ္ဌကထာတို့၌ နည်းပေးလမ်းညွှန် ပြဆိုချက်ရှိပါကြောင်း လက်တွေ့နည်းယူ အသုံးချဖို့ တင်ပြလိုက်ရပေသတည်း။



# နှလုံးသွေးနှင့် ရောဂါဝေဒနာ

ဆဋ္ဌသင်္ဂါယနာပုစ္ဆက–အဂ္ဂမဟာပဏ္ဍိတ ကျေးဇူး တော်ရှင် မဟာစည် ဆရာတော်ဘုရားကြီး၏ ကျမ်းစာအချို့တို့၌ သတိပဋ္ဌာန်ဝိပဿနာတရား အားထုတ်သူများထဲမှ အချို့သော ယောဂီများ၏ ရောဂါဝေဒနာ ပျောက်ကင်းကြပုံများ အကြောင်းကို ဖတ်ရှုလေ့လာရဖူးပါသည်။

ရောဂါ ဝေဒနာရှင်တိုင်း ရိပ်သာဝင်တရား အားထုတ်လျှင် ရောဂါဟူသမျှ ပျောက်ကင်းမည်လားဟုကား မတွေးတောသင့်ပါ။ ဗုဒ္ဓဘုရားရှင်ကိုယ်တိုင် ကုမပေးနိုင်ခဲ့သော "ဝဋ်နာကံနာရှင်တွေ ဘုရားရှင်လက်ထက်တော်အခါက အများအပြားရှိခဲ့သည်ကို ထောက်ဆကြည့်ရန် ဖြစ်သည်။" ဤ၌လည်း ပျောက်သင့်သူမှသာ ပျောက်ပါမည်။ ဝိပဿနာတရား ရှုမှတ်ပွားများရင်းဖြင့် တရားဓမ္မ၏ အကျိုးပြုမှုကြောင့် ပျောက်သင့်ရာရောဂါများ ပျောက်ကင်းကြရသည်။

ရိပ်သာ၌ တရားအားထုတ်သူများကို လေ့လာလျှင် ဝိပဿနာတရားရှုမှတ်လို၍–လက်လှမ်းမီသမျှ တရားအမြင်

ရလို, ပေါက်လို၍ အားထုတ်ကြခြင်း ဖြစ်သည်။ အခြား ဘယ်အဆင့်ရောက်သည်၊ ဘာဖြစ်သည်ထားတော့၊ ရှေ့ဘဝ ဆက်အတွက် အထုံပါရမီတစ်ခုရလျှင်ပင် အမြတ်ဖြစ်သည်–စသည့် ရည်ရွယ်ချက်ကောင်းများဖြင့် ရိပ်သာဝင်တရား အားထုတ်ကြခြင်းဖြစ်သည်။ ယင်းသို့ အားထုတ်ကြရင်းမှ တရား၏ကျေးဇူးပြုမှုကြောင့် အချို့ရောဂါ, ဝေဒနာရှိသူများ အနာရောဂါပျောက်ငြိမ်းမှုများဖြင့် ကောင်းကျိုးရရှိသွားကြ ရခြင်းဖြစ်ပါသည်။ သေလောက်သော ရောဂါဝေဒနာ ခံစားနေရသူတစ်ဦးက "ငါ ရောဂါပျောက်ဖို့ ရိပ်သာဝင်, တရားအားထုတ်ဦးမှ" ဟူသော အသိဖြင့် ရောဂါပျောက် ချင်၍ သေခါနီးမှ တရားသွားအားထုတ်ခြင်းမျိုးကား သင့် ပါမည်လား၊ စဉ်းစားရပေမည်။

ဤနေရာ၌ တရားအားထုတ်ခြင်းဖြင့် အချို့ယောဂီ များမှာ ရောဂါများ အဘယ့်ကြောင့် ပျောက်ကင်းကြရ သနည်းဟု လေ့လာဆန်းစစ်ကြည့်လျှင် "စိတ်ကြည်လင် သဖြင့် နှလုံးသွေးကြည်လင်သောကြောင့်"ဟု အနှစ်ချုပ် အားဖြင့် မှတ်ယူနိုင်ပါသည်။

ခုတင်ဆောင် အရှင်မဟာကဿပမထေရ်ကြီး နာမကျန်းဖြစ်စဉ် မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီး

ဟောကြားတော်မူသည့် ဓာတ္ထုပ်ဒေသနာတော်ကို နာကြားရသောအခါ သွေးများကြည်လင်လာကြောင်း ပြဆိုချက်ရှိပါသည်။ ထိုသို့ သွေးများ ကြည်လင်လာသည်နှင့်အမျှ အရှင်မြတ်ကြီး၏ ရောဂါများလည်း ပျောက်ငြိမ်းတော်မူခဲ့ပါသည်။

*****

## စိတ်ကြည်လင်က သွေးပါကြည်လင်ပုံ

လူတို့၏နှလုံးအိမ်အတွင်း၌ တွင်းငယ်ကလေး တစ်ခုရှိ၏။ ပုန်းညက်စေ့ခန့် တွင်းငယ်ကလေး ဖြစ်၏။ အဆိုပါ တွင်းငယ်ကလေးထဲမှာ သွေးများပြည့်နေသည်။ ထိုသွေးကို မှီ၍ ဟဒယဝတ္ထုရုပ် ဖြစ်ပေါ်ရ၏။ ထို ဟဒယဝတ္ထုရုပ်ကိုမှီ၍ စိတ်ဖြစ်ပေါ် ရ၏။ ထိုစိတ်နှင့်အတူ စေတသိက်တို့သည်လည်း ဖြစ်ပေါ်၏။

ထို ဟဒယနှလုံးသွေးအရောင်သည် -

- ရာဂစိတ်ဖြစ်လာလျှင် နီစပ်စပ်အရောင် ဖြစ်၍တည်၏။
- ဒေါသစိတ်ဖြစ်သည့်အခါ အဆင်း အရောင်မည်းနက်၍တည်၏။

- မောဟစိတ်ဖြစ်သည့်အခါ သား, ငါး, ဆေး ရေကဲ့သို့ဖြစ်၍ တည်၏။
- ကြံစည်, တွေးတောစိတ်, ဝိတက်စိတ် ဖြစ်သည့် အခါ ပဲပြုတ်ရေအဆင်းကဲ့သို့ ဖြစ်၍တည်၏။
- သဒ္ဓါတရားစိတ်၊ ဘုရား၊ တရား၊ သံဃာ (ရတနာသုံးပါး)ကြည်ညိုစိတ်တို့ ဖြစ်လာသော အခါ မဟာလှေကားပန်း အဆင်းကဲ့သို့ ဝါဝင်း သောအဆင်း ဖြစ်၍ တည်၏။
- ပညာတရားဖြစ်သည့်အခါ ဝိပဿနာ၊ ဘာဝနာ၊ ကမ္မဋ္ဌာန်းအားထုတ်ခြင်း စသည်တို့ ပြုသော အခါ စိတ်ကြည်လင်သလောက် နှလုံးသွေး တို့လည်း အထူးကြည်လင်သန့်ရှင်း၍ နေသည်။

ထိုသို့ စင်ကြည်သန့်ရှင်းသောဟဒယနှလုံးသွေးများ တစ်ကိုယ်လုံးသို့ ပျံ့နှံ့တည်သော အကြိမ်တွေများလျှင် များသလောက် လူဥ္စကျန်းမာမှုကို ဖြစ်စေနိုင်ပေသည်။ ယင်းသို့သော သွေးကြည်လင်လည်ပတ်မှုကြောင့် ရောဂါ, ဝေဒနာများ ပျောက်ကင်းခြင်း ဖြစ်ရပေသည်။

ထို့ကြောင့် နှလုံးရောဂါ–သွေးတိုးရောဂါရှိသူတို့သည် သွေးကြည်လင်အောင် ပြုလုပ်, နေထိုင် သင့်ကြပေသည်။ အဆိုပါရောဂါ ဝေဒနာရှင်များနှင့် ဒေါသကြီးခြင်းတရားကား ဆန့်ကျင့်ဘက်ဖြစ်၏။

အချို့အကြောင်းတစ်စုံတစ်ရာကြောင့် ရင်ပတ် စည်တီး ဒေါသကြီးလွန်းကြသူများ သေမတတ် တက်ကြ၊ မေ့မျော သွားကြရပုံ တွေ့ကြုံရဖူးကြမည် ဖြစ်သည်။ နှလုံး၊ သွေးတိုး ရောဂါရှိသူများ ထိုသို့ ဖြစ်ပါမူ လွယ်လင့်တကူ အသက်ပါ ပါသွားနိုင်ပါသည်။

သွေးတိုး၊ နှလုံးရောဂါ ရှိသူများ ဒေါသမကြီးသင့်ပေ။ ဒေါသကြီးလျှင် အသက်တိုမည်မှာ သေချာ၏။ ဒေါသ ဖြစ်လာလျှင် လူ၏ နှလုံးသွေးသည် နောက်ကျုမည်းနက်၍ လာမည်ဖြစ်သည်။ ထိုသို့ နောက်ကျုမည်းနက်သည့် နှလုံးသွေးတွေ လည်ပတ်မှုနှုန်းများလေ ထိုသူ့အတွက် အန္တရာယ်များလေပင် ဖြစ်တော့၏။

(စိတ်ပညာရှင်များနှင့် ဆေးပညာရှင်များ၏ အဆိုအရ အစာအိမ်ရောဂါသည်လည်း စိတ်ဝေဒနာနှင့် ဆက်စပ် ဖြစ်ပေါ်တတ်သော သဘောရှိကြောင်း ညွှန်းဆိုချက် ရှိပါသည်။ သို့ဖြစ်ရာ စိတ်ချမ်းမြေ့အောင် နေတတ်ဖို့ စိတ်ကြည်လင်ဖို့သည် အထူးအရေးပါလှကြောင်း ဆင်ခြင် စရာကောင်းလှပေ၏။)

ဝိပဿနာ ကမ္မဋ္ဌာန်းတရား ရှုမှတ်၊ အားထုတ်ခြင်း၊ မေတ္တာဘာဝနာ စီးဖြန်းခြင်း စသည် ပြုလုပ်နေချိန်တို့၌ကား

ထိုသူ၏ နှလုံးသွေးသည် ကြည်လင်၍နေ၏။ ထိုသို့ နှလုံးသွေး ကြည်လင်ပါများသော် သွေးညစ်၊ သွေးပုပ်များ ပျောက်ပြယ်ကာ ကောင်းသောသွေးများချည်း ဖြစ်နေရလျက် ထိုသူ၏ ကျန်းမာရေးမှာ ကောင်းမွန်လာမည်၊ ကောင်းမွန်နေမည် ဖြစ်၏။ ထို့ကြောင့် သွေးတိုး၊ နှလုံးကဲ့သို့သော ရောဂါ၊ ဝေဒနာ ခံစားနေရသူများသည် သတိပဋ္ဌာန် တရားအားထုတ်ခြင်းကို ပြုသင့်ပေသည်။ စိတ်ကြည်လင်အောင်လည်း နေသင့်ကြောင်း တိုက်တွန်းလို၏။

ဗုဒ္ဓမြတ်စွာဘုရား ဝါတော် ၂၀ အလွန် ကောသလတိုင်းအတွင်း ခရီးဒေသစာရီ လှည့်လည်တော်မူနေစဉ်အခါ တောအုပ်ကြီး တစ်ခုအတွင်း မီးလောင်နေသည်ကို တွေ့ကြုံရသည်။ လောင်နေသောမီးပုံကြီးကို အကြောင်းပြုကာ ဗုဒ္ဓမြတ်စွာသည် ရဟန်းတော်တို့အား အဂ္ဂိခန္ဓောပမသုတ်တော်ကို ဟောကြားတော်မူပါသည်။

ယင်းသုတ္တန်ဒေသနာတော် ဟောကြားတော်မူပြီးသည့်အဆုံးတွင် ကြားနာကြရသည့် ရဟန်းတော်များအနက် ရဟန်း (၆၀) သွေးအန်ကြ၏။ နောက်ရဟန်း (၆၀)မှာ လူထွက် သွားကြသည်။ နောက်ရဟန်း (၆၀)ကား ရဟန္တာ ဖြစ်တော်မူ သွားကြလေသည်။

လူထွက်သော ရဟန်း (၆၀)သည် တရားတော်၏ ခက်ခဲနက်နဲပုံစသည့်တို့ကြောင့် မကျင့်နိုင်၍ လူထွက်သွားကြခြင်းဖြစ်၏။ ရဟန္တာဖြစ်တော်မူသွားကြသည့် ရဟန်း (၆၀)ကား အကျင့်ကောင်းနှင့် ပြည့်စုံတော် မူကြသောကြောင့်ပင်ဖြစ်၏။


သွေးအန်ကြသော ရဟန်း (၆၀)တို့ကား ပါရာဇိကကျပြီး သူများ (သို့မဟုတ်) ဘုရားပညတ်ချက်အကြီးမားဆုံး သိက္ခာပုဒ်များကို ကျူးလွန်ကြသူများဖြစ်၍ ရဟန်းဘဝအဖြစ်၌ ရပ်တည်ခွင့် လုံးဝမရှိကြတော့သည့် ပုဂ္ဂိုလ်များဖြစ်သောကြောင့် ပင်တည်း။

ထိုသွေးအန်ကြသော ရဟန်း(၆၀)တို့မှာ ဘုရားဟောတရားတော်ကို ကြားနာရသောအခါ သူတို့၏ မိုက်ပြစ်များကို တွေးတော ပူပန်ကာ ကြောက်ရွံ့ထိတ်လန့်ခြင်းများဖြစ်လာကြသည်။ ထိုပုဂ္ဂိုလ်တို့၏ နာမကာယတည်းဟူသော နာမ်တရားအစုအပေါင်းသည် ဘုရားဟောတရားတော် အရှိန်အဝါကြောင့် သူတို့၏ မကောင်းမှုအပေါ် အခြေခံကာ စိုးရိမ်၊ ပူပန်၊ ထိတ်လန့်၊ တုန်လှုပ်ခြင်းများ ဖြစ်လာသည်။ တစ်ဆက်တည်းမှာပင် ကရဇကာယ ခေါ်သည့် ရုပ်အပေါင်းအစုတို့ကလည်း ပူပန်၊ တုန်လှုပ်၍ လာတော့၏။ ထိုအခါ

သူတို့၏ နှလုံးသွေးများမှာ အင်မတန် နောက်ကျုသထက် နောက်ကျုလာပြီး ထိုသွေးနောက်၊ သွေးညစ်တို့သည် ရင်တွင်း၌ မနေနိုင်တော့ဘဲ အပြင်သို့ ထွက်အန်လာရတော့သည်။

ဤသို့ဖြင့် သွေးနောက်ကျုမှုသဘော၊ သွေးကြည်လင်မှုသဘော၊ တရားဓမ္မတို့၏ အရှိန်အဝါသဘောတို့ကို ခန့်မှန်းရှုမြင်ကာ မိမိတို့၏ စိတ်ကိုချမ်းမြေ့စေကြလျက် မိမိတို့၏ နှလုံးသွေးကို ကြည်လင်အောင် အားထုတ်နေထိုင်သင့်ကြပေသတည်း။

(ဓမ္မပဒ၊ ဒုရင်္ဂမံ ဧကစာရံ စသောဂါထာ၊ **သမ္မော** အဋ္ဌကထာ၊ သတိပဋ္ဌာနဝိဘင်္ဂ၊ ဗောဇ္ဈင်္ဂသုတ်တော်နှင့် မဟာစည်ဆရာတော်ကြီး၏ ကျမ်းစာအချို့ကို အခြေခံဖတ်ရှု၍ ရေးသားပါသည်။)



## နတ်မိစ္ဆာ၊ နတ်ဘီလူး
## ပြိတ္တာ - တစ္ဆေ
## အစိမ်းသရဲ စသည်များနှင့်
# လူ့လောက

တစ်ချိန်က မြို့တစ်မြို့၏ စာသင်တိုက်တစ်ခုတွင် ကိုရင်လေးတစ်ပါး အပ ပယောဂမှီခဲ့ရခြင်း (သို့မဟုတ်) ပြိတ္တာအနွယ်ဝင် မိစ္ဆာကောင်တစ်ကောင်၏ ဝင်ရောက်၊ ပူးကပ်ခံရခြင်းအကြောင်း ရေးသားထားချက်ကို ဘာသာရေး စာအုပ်တစ်အုပ်၌ ဖတ်ရဖူးကြောင်း၊ ထိုမိစ္ဆာကောင်များသည် သီလ၊ သမာဓိ အစရှိသည့် ကောင်းခြင်းဂုဏ်နှင့် ပြည့်စုံကြ သူများကိုပင် ကိုယ်ရော၊ စိတ်ပါ တုန်လှုပ်ချောက်ချားအောင် ပြုနိုင်ကြကြောင်း၊ ရေးခေတ်ကလည်း ထိုကဲ့သို့သော ဖြစ်ရပ် ဆန်းများ ရှိ-မရှိ သိချင်ကြောင်း မိတ်ဆွေတစ်ဦးက ဤစာရေး သူအား စကားစပ်မိသဖြင့် မေးခွန်းတစ်ရပ် မေးပါသည်။ စာရေးသူမှ သင့်လျော်သလို ဖြေဆိုခဲ့ဖူးပါသည်။ ယခု ထိုအကြောင်းများနှင့် စပ်လျဉ်း၍ လက်လှမ်းမီသမျှ ရေးသား တင်ပြလိုပါသည်။

မြန်မာတို့၏ စိတ်အသိ၌ ဘီလူး၊ သရဲ–တစ္ဆေ၊ စုန်း စသည်ဖြင့် အမည်နာမပြုကာ ခေါ်ဝေါ်သုံးစွဲနေကြသည့် သတ္တဝါများရှိပေသည်။ ထိုသတ္တဝါတို့ကို အချို့ကလည်း အကြောင်းတိုက်ဆိုင်သဖြင့် မြင်ဖူးသည်ဟုဆိုကာ ရှိကြောင်း ယုံကြည် လက်ခံကြ၏၊ အချို့ကလည်း ကိုယ်တိုင်မမြင်ရ၍ မရှိဟု ခံယူ၏။

ဗုဒ္ဓစာပေများအရမူ အထက်အမည်ဖော်ပြပါ သတ္တဝါ များ အထင်အရှားရှိသည်၊ စာပေကျမ်းဂန်၌ အထောက်အထား သာဓကတွေ များစွာပင်ရှိပါသည်။ မျက်မှောက်ခေတ်၌လည်း ထိုသတ္တဝါများနှင့် လူသားလောကကြား ဆက်နွယ်ဖြစ်ပျက် မှုများ ကြိုးကြား, ကြိုးကြား တွေ့ရတတ်ပါသည်။ ဤတွင် မျက်မှောက်ကာလ တွေ့ကြုံရချက်အချို့ကို တင်ပြလိုပါသည်။

## ကိုရင်=ရှင်သာမဏေလေးတစ်ပါး၏ ကိုယ်တွေ့ဖြစ်ရပ်

ကိုရင်၏ ဘွဲ့တော်အမည်ကို ပြောင်းလဲ၍ ရေးသား တင်ပြပါမည်၊ ကိုရင်၏ဘွဲ့ကို 'ရှင်ကောဝိဒ' ဟု ဘွဲ့အမည် ပြုပါမည်၊ ကိုရင်ကောဝိဒသည် (......) မြို့၊ စာသင်တိုက် တစ်ခု၌ စာသင်နေပါသည်၊ ရှင်ကောဝိဒသည် (......) ရပ်ကွက်၌ ဆွမ်းခံကြွပါသည်။

သည်ရပ်ကွက်သို့ ဆွမ်းခံကြွလာသည်မှာ တစ်နှစ်ခန့် ရှိပါပြီ၊ သည်အိမ်ရှေ့မှ ဖြတ်သန်းသွားလာနေကျ၊ ထိုအိမ်ကလည်း မိမိအား တစ်ခါမျှ ဆွမ်းထွက်လောင်းဖူးသည် မရှိခဲ့။ တစ်နေ့တော့ ထူးထူးခြားခြားပင် ထိုအိမ်မှ ဆွမ်းခံကြွရန် လာပင့်သည်၊ ကြွရောက်ခဲ့သည်။ နောက်နေ့တွေလည်း ဆက်လက်ကြွရောက်ပါဟုဆိုသဖြင့် နေ့စဉ်ပင် ကြွရသည်။

ထူးခြားသော နေ့တစ်နေ့ . . .

ထူးခြားသောနေ့တစ်နေ့နှင့် ကိုရင်ကောဝိဒ ကြုံရသည်၊ ထိုအိမ်မှ ယနေ့ဆွမ်းလောင်းနေသည်မှာ ကြာလှ၏၊ ဆွမ်းဟင်းခွက်ကို ယူသွားသော မိန်းကလေးသည် အပြင်သို့ တော်တော်နှင့် ပြန်ထွက်မလာခဲ့၊ ဘာလုပ်နေသနည်းမသိ၊ အကြာကြီး ထိုင်စောင့်နေရသည်။ ဆွမ်းလောင်းသော မိန်းကလေးမှာ ကိုရင်နှင့် သက်တူရွယ်တူပင်ဖြစ်မည်ထင်သည်၊ သူပင်သည် အိမ်ကိုကြွပါဟု လာပင့်သည်၊ နေ့တိုင်းလည်း သူပင် ဆွမ်းလောင်းမြဲဖြစ်သည်၊ အခါတိုင်း ဒီလိုမကြာ၊ ယနေ့မူ ကြာလှ၏။

အိမ်နောက်ခန်းမှ သူထွက်လာခဲ့ပြီ။ ဘာမှတော့မထူး။ အခါတိုင်းလိုပင် ဆွမ်းဟင်းခွက်ကလေး သပိတ်ထဲ ထိုးထည့်ပေးလိုက်၏။ ကိုရင်ကောဝိဒ ပြန်ကြွလာသည်။ သွားသင့်ရာ အိမ်စဉ်သွားပြီးနောက် ကျောင်းပြန်လာခဲ့သည်။ ကျောင်း

ရောက်တော့လည်း ဆွမ်းစားဖို့ တုံးခေါက်–အချက်ပေးနေပြီ၊ သင်္ကန်းကလေး အမြန်လဲကာ သပိတ်ကလေးပိုက်ပြီး ဆွမ်းစားကျောင်းသို့ လာခဲ့၏။ သပိတ်ကို ဘုရားပင် မကပ်လိုက်နိုင်အောင် ဖြစ်သွားရသည်။ (ဆွမ်းတော်ပင် မတင်လိုက်ရ–ဟု ဆိုလိုပါသည်။)

သည်လိုနှင့်ပင် ဆွမ်းစားပြီးသွား၏။ ညနေ (၃) နာရီခန့်တွင် ကိုရင်ကောဝိဒ ဗိုက်နာလာ၏။ ဗိုက်နာပုံကအေးစက်စက်ပင်။ အစားမှား၍လား၊ အစာမကြေ၍လားဟု ထင်မိ၏။ ဆရာဘုန်းတော်ကြီးထံ သွားရောက်လျှောက်ထား၏။ ဆရာဘုန်းတော်ကြီးက သမားရိုးကျအတိုင်း သင့်နိုးရာရာ ဆေးကို ကျွေး၏၊ မထူးခြားချေ၊ ထူးခြားသည်မှာ ဗိုက်က ပို၍ပို၍ နာလာခြင်းဖြစ်၏။ ဤသို့ဖြင့် ဆရာသမားထံ ပြန်လည်သွားရောက် လျှောက်ထားရ၏။

ဆရာဘုန်းတော်ကြီးက 'အင်း . . . ငါလည်း ဆေးဆရာ မဟုတ်တော့ ဆေးတော့ မကုတတ်ဘူးကွာ၊ ဒါပေမယ့်–ဘုရားနည်းနဲ့ပဲ ကုစားမှရမယ်' ဟု အမိန့်ရှိကာ ကိုရင်ကောဝိဒအား ဘုရားရုပ်ပွားတော်ရှေ့သို့ ခေါ်ယူသည်။

ထို့နောက် ဆရာဘုန်းကြီးသည် ဘုရားရှေ့တော်၌ ရေတစ်ခွက်ချကာ ကပ်လှူထားလိုက်၏။ ရေဖန်ခွက်ထဲ၌ ကွမ်းရွက်တစ်ရွက်ကိုလည်း တွေ့ရသည်။ ထို့နောက် ဆရာဘုန်းတော်ကြီးသည် နတ်မြတ်,နတ်ကောင်းတို့ကို ဖိတ်မန္တကပြု၏။ ပရိတ်တော် စသည်များ ရွတ်ဖတ်၏။ ဆရာသည် သူ့အစီအစဉ်အတိုင်း ပြုလုပ်၍ပြီးဆုံးသောအခါ ကွမ်းရွက်ကို လုံးထွေးဖျစ်ညှစ်ကာ ဖန်ခွက်ထဲထည့်လိုက်သည်။ ထိုကွမ်းရွက်ရေဖြင့် ရောထားသည့်ရေကို ကိုရင်ကောဝိဒအား တိုက်လိုက်သည်။

'ကဲ ငါ့ဆေးကတော့ ဒါပဲကွာ၊ မင်း ဟောဟိုကျောင်းကြီးပေါ်မှာပဲ သွားအိပ်နေ' ဟု မိန့်လိုက်သည်။ ကျောင်းကြီးပေါ် အိပ်ရာထဲ လှဲနေလိုက်သည်၊ အတော်ကြာတော့ ကိုရင်ကောဝိဒ ဝမ်းသွားသည်။ ဆရာပေးသည့်ရေ၌ ဝမ်းနုတ်ဆေးများပါသလားဟု ထင်မိ၏။ အတော်များများသွားသည်။ နောက်ပြီး အနံ့အသက်မှာလည်း ဆိုးဝါးလှသည်ကို ကိုရင်ကောဝိဒ သတိပြုလိုက်မိ၏။ ထိုသို့ဝမ်းသွားပြီးချိန်မှစ၍ ကိုရင်ကောဝိဒ၏ ဗိုက်နာပျောက်သွားသည်။

မှောင်စပျိုးချိန် ...

ကိုရင်ကောဝိဒသည် ကျောင်းကြီးအပေါ်ထပ်တွင်

တောင်ဘက်ကိုခေါင်းပြုလျက် စောင်ခြုံပြီး မှေးကာ ပုတီးစိ
လျက်ရှိ၏။ ထိုစဉ် ခေါင်းရင်းဘက်တံခါးပေါက်ဝမှ စေ့ထ
သော တံခါးရွက်များကို ပွင့်သွားစေပုံ တွေ့လိုက်ရ၏။ ဝ
နောက် တံခါးရွက်တစ်ရွက်ကို လူတစ်ယောက်က လက်ဖြ
ခေါက်သည့်ပမာ "ဒေါက် ဒေါက် ဒေါက် ဒေါက်" န
"ဒေါက် ဒေါက် သံ" အဆက်မပြတ် ခေါက်နေသည်
ကိုရင်ကောဝိဒ ထိတ်လန့်သွား၏။ စိပ်နေသောပုတီးက
အသာချ၊ အိပ်ရာမှထကာ ဆရာ ဘုန်းတော်ကြီးထံ အပြေ
လာခဲ့တော့၏။

ဆရာ ဘုန်းတော်ကြီးအား အကြောင်းစုံ လျှောက်ထား
၏၊ ဆရာ ဘုန်းတော်ကြီးက 'မင်းဗိုက်နာတာက ဘယ်လ
နေသေးလဲ' ဟု မေး၏။ ကိုရင် ကောဝိဒက ဝမ်းသွားပြီ
ကတည်းက ပျောက်သွားပြီဖြစ်ကြောင်း လျှောက်ထား၏
ဆရာ ဘုန်းတော်ကြီးသည် ကျောင်းသားတစ်ယောက်က
ခေါ်၏။ ထိုကျောင်းသားအား ဘုရားရှေ့တွင် ဘုရားရှိခိုးပြီ
ဘုရားကို အာရုံပြုခိုင်း ၏။

ဆရာ ဘုန်းတော်ကြီးသည် ဖန်ခွက်ထဲတွင် ရေထည့်
ဘုရားကပ်ပြီးနောက် ရှေးနည်းအတိုင်းပင် နတ်ကောင်း,
နတ်မြတ်များကို ဖိတ်ကြား၏။ ပရိတ်ရွတ်၏။ အခြား

ဂါထာ မန္တန်များလည်း ရွတ်၏။ သစ္စာဆို၏။ ထို့နောက် ၎င်းပရိတ်ရေ၊ သစ္စာရေဖြင့် ဘုရားရှေ့၌ အာရုံပြုနေသည့် ကျောင်းသားကိုတိုက်၏။ ခေါင်းကို ၎င်းရေဖြင့် ပက်ဖြန်း ပေး၏။ အတန်ကြာသော် ၎င်းကျောင်းသားသည် အိပ်ငိုက် သကဲ့သို့ ခေါင်းငိုက်ဆိုက်ကျသွားသည်၊ သူ၏ပင်ကိုစိတ် ပျောက်သွားသည်၊ ထို့နောက် ဘေးတစောင်းလဲကျသွား သည်။

'မင်းဘာကောင်လဲ၊ ဘာဖြစ်နေသလဲ ပြောစမ်း' ဟု ဆရာဘုန်းတော်ကြီးက မေးသည်၊ သူ့ပင်ကိုစိတ်ပျောက် နေသော ကျောင်းသားက 'ကျုပ် နတ်သရဲပဲ၊ ကျုပ် နတ် သရဲ၊ မိန်းကလေးကခိုင်းလို့ မကျေနပ်လို့ လာခဲ့တာ' ဟု ပြောသည်။ ဤတွင် ဆရာဘုန်းတော်ကြီးသည် 'ပရိတ်ရေ၊ သစ္စာရေ' တို့ဖြင့် ပက်ဖြန်းခြင်း၊ ပဋ္ဌာန်းပါဠိတော်များ ရွတ် ဖတ်ခြင်း စသည်တို့ကို ပြုကာ ဤနေရာမှ အမြန်ဆုံးထွက် ခွာသွားရန် အမိန့်ပေးသည်။

ယင်းသို့ အမိန့်ပေးပြီး ခဏအကြာတွင် ကျောင်းသား သည် မေ့မျောနေရာမှ သတိရလာသကဲ့သို့ဖြစ်လာပြီး ထ, ထိုင်သည်။ ဆရာဘုန်းတော်ကြီးက 'မင်း စိတ်အာရုံထဲမှာ

ဘာတွေထင်မြင်ရသလဲ၊ ဘာတွေ ထူးခြားသလဲ’ ဟု သိလို စိတ်များစွာဖြင့် မေး၏။

‘တပည့်တော်မျက်စိထဲမှာ အိမ်ကုပ်ကလေးတစ်အိမ် မြင်ရတယ်ဘုရား၊ အဲဒီအိမ်ရဲ့ရှေ့မှာလဲ မြက်ပင်တွေကို စုစည်းထားတဲ့ မြက်ထုံးကြီးတွေ တွေ့ရတယ်ဘုရား၊ နောက်ပြီး အသားဖြူဖြူ၊ အရပ်ပုပု မိန်းကလေးတစ်ယောက်၊ ဒါပဲ ဘုရား’

‘အေး ဟုတ်ပြီ၊ ငါခန့်မှန်းကြည့်လို့ရပြီ၊ မင်းတို့ နောက်ကို မှတ်ထားကြ၊ အရေးကြုံလာရင် လုပ်တတ်ကြပ စေ၊ ငါဟာ ဘုန်းကြီးတစ်ပါးဖြစ်တယ်၊ ဘာပယောဂတွေ ဘာတွေမှ မတတ်ဘူး၊ ဒါပေမယ့် ဘုရားနည်းနဲ့ ကုစားတယ်၊ ဘုရားရှင်ဟောကြားတော်မူတဲ့ ပရိတ် စကဲ့ ဓမ္မစကော်တော် တွေနဲ့ ကုစားတယ်၊ နောက်ဆုံးပြောချင်တာက ဆွမ်းစားခါ နီးတိုင်းမှာ သရဏဂုံလေး ရွတ်စားကြ၊ အချိန်မရလို့ ဆွမ်း တော်မတင်နိုင်ရှိခဲ့ရင် “ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ” လောက်ကိုတော့ ရွတ်ဆိုပြီး မှ စား, သောက်ကြ၊ မမေ့ကြနဲ့’

ဟူ၍ မိန့်တော်မူပါသည်။

ကိုရင် ကောဝိဒ ကောင်းကောင်းကြီးသိလိုက်ပါပြီ၊ ယမန်နေ့မနက်က ဆွမ်းလောင်းတော့ အကြာကြီးလုပ်နေသော အမျိုးသမီး၏အဖြစ်၊ ကျောင်းသားပြောသည့် အိမ်ကုပ်ကလေးလည်း ထိုမိန်းကလေး၏ အိမ်ကုပ်ကလေးပင်တည်း။ 'မြက်ထုံးကြီးတွေဆိုသည်မှာလည်း ထိုမိန်းကလေး၏ အိမ်ရှေ့မှ မြက်ထုံး-မြက်စည်းကြီးများပေတည်း။ မှန်သည်၊ ထိုမြက်ထုံး၊ မြက်စည်းကြီးများ ရှိနေရခြင်းကား ထိုအိမ်သည် မြင်းရှိ၍ဖြစ်သည်။ မြင်းစာကျွေးဖို့ မြက်စည်းကြီးများဖြစ်ကြောင်း ကိုရင်ကောဝိဒ နားလည်လိုက်ပါသည်။

ကိုရင် ကောဝိဒ ကြောက်သွားသည်၊ နောက်တော့ ထိုအိမ်ကို ဆွမ်းခံမကြွရဲတော့ပါ၊ ဆရာ ဘုန်းတော်ကြီးက ထင်ကြေးပေးသည် -

'မင်းက ရုပ်ဖြောင့်တော့ မင်းကိုချစ်လို့လုပ်တာ နေမှာပါကွာ' တဲ့။

ဟုတ်မဟုတ်မသိ၊ ဘယ်လိုလုပ်လိုက်သည်လည်း မသိ၊ ထူးဆန်းတာကတော့ အမှန်ပင်။ ကိုရင် ကောဝိဒ သင်ခန်းစာတစ်ခု ရခဲ့ပါပြီတည်း။

ဤအထက်ပါ ဖော်ပြချက်ကား ကိုရင်တစ်ပါး၏ ကိုယ်တွေ့ဖြစ်ရပ်မှန်ပင် ဖြစ်ပါသည်။ အများပြောနေကြသည့် 'စုန်းကိုင်ခြင်း၊ စုန်းလုပ်ခြင်း' ဆိုသည်မှာ ဤသို့ပင် ဖြစ်ပါသည်။

စာရေးသူတို့ငယ်စဉ်ကလည်း စာရေးသူတို့နယ် ကျေးလက်တောရွာအချို့၌ 'စုန်းမီးတောက်ခြင်း' များကို မကြာခဏ တွေ့မြင်ခဲ့ရဖူးပါပြီ၊ လသာသောညအချိန်များ၌ တွေ့ရလေ့ရှိပါသည်။ စာရေးသူ၏ ငယ်ဆရာဖြစ်သော ဆရာတော်ကြီးတစ်ပါးကမူ 'ဒီအတတ်ပညာရှင်တွေက တော်တော်လုပ်နိုင်စွမ်းရှိတယ်ကွ၊ ဟင်းခွက်တစ်ခွက် အဖုံးမဖုံးဘဲ ယူသွားတာကို ခပ်လှမ်းလှမ်းကမြင်ရင်တောင် အဲဒီဟင်းခွက်ထဲ သူတို့က သူတို့နည်းနဲ့ အပင်းထည့်တာတို့ ဘာတို့ လုပ်နိုင်တယ်' ဟု စာရေးသူအား ပြောဖူးပါသည်။

တစ်ဆက်တည်းမှာပင် ဆရာတော်က ပြောပြသည်မှာ တစ်ချိန်က သူ့ကျောင်းအနီး ပတ်ဝန်းကျင်တွင် 'စုန်းမ' ဟု နာမည်ကြီးသော မိန်းမကြီးတစ်ဦးရှိရာ ထိုမိန်းမကြီးမှ တစ်နေ့တွင် ကြက်သားဟင်းလာလှူကြောင်း၊ ထိုကြက်သားဟင်းကို ဒယ်အိုးထဲထည့်ပြီး မီးဖိုပေါ်တင်ကာ ထပ်နွေးသော အခါ ထိုဒယ်အိုးထဲ ပူပူလောင်လောင်ဖြစ်နေသော ကြက်သားတုံးများမှ ကြက်ပေါက်စကလေးများအသံမျိုး အော်မြည်နေပုံ ကိုရင်, ကျောင်းသားများ အားလုံးကြားသိရကြောင်း၊ ထိုကြက်သားဟင်းများကို မစားတော့ဘဲ ဘုရားရှေ့မှာတင်၊ အတန်ကြာ ပြန်ချပြီး ကျောင်းဝင်းစည်းရိုးအနီးတစ်နေရာမှာ

မြေမြှုပ်ပစ်လိုက်ရကြောင်း၊ ထိုကြက်သားများ မြေမြှုပ်ထား ရာနေရာမှ ညအချိန်၌ မီးလုံးကြီး အထက်တက်လိုက်၊ အောက်ကျလိုက်ဖြင့် ဖြစ်နေပုံ တွေ့မြင်ရကြောင်း၊ ဆရာတော် က ထိုမီးလုံးကို လက်ညှိုးဖြင့်ထိုးရင်း ဣတိပိသော စသော ရတနာသုံးပါးဂုဏ်တော်များကို ရွတ်ဖတ်မှ ပျောက်ငြိမ်းသွား ကြောင်း ပြောပြပါသည်။

'စုန်းပြုစားခြင်း၊ စုန်းကိုင်ခြင်း' တို့တွင် အချို့က မုန်း၍လည်း လုပ်သည်၊ ချစ်၍လည်း လုပ်သည်ဟု ပြောရိုး ဆိုစဉ် ရှိပါသည်။ ဤစုန်းအကြောင်းများကို ဆရာတော် အရှင်ဇနကာဘိဝံသ၏ "သင်္ဂြိုဟ်ဘာသာဋီကာ" ကျမ်းစာ ၌လည်း ရှင်းပြချက်ရှိပါသည်။ ဤမျက်မှောက်ကာလ၌ 'စုန်း' ဆိုသော သတ္တဝါအည့်စားများ တကယ်ရှိနေသည်ကို ယုံမှားသံသယဖြစ်စရာမလိုပေ၊ သတိပြုဆင်ခြင်နိုင်ရန် တင်ပြ ခြင်းဖြစ်ပါသည်။

## ဘုရားရှင်လက်ထက်တော်က ကိုရင်သာနု

အထက်၌ ဖော်ပြခဲ့ပါ ကိုရင်ကောဝိဒကဲ့သို့ပင် ဗုဒ္ဓ မြတ်စွာဘုရားရှင်လက်ထက်တော်အခါကလည်း သာမဏေ ရှင်သာနု နတ်ဘီလူးမ ပူးကပ်ခြင်းခံရသော သာဓက ရှိခဲ့

ပါသည်။ ယင်းရှင်သာနု၏ ဝတ္ထုကြောင်း ဓမ္မပဒအဋ္ဌကထာမှာ ပါရှိပါသည်။ (ဤဥ္စ စုန်းကိုင်ခံရခြင်းဟုတော့ မဆိုပါ၊ သို့သော် နတ်ဘီလူးရှိသကဲ့သို့ နတ်စုန်းဟူ၍လည်းရှိသည်ကိုမူ သတိပြုသင့်ပါသည်။)

ရှင်သာနုသည် တရားဟောကောင်းသူ ဖြစ်ပါသည်။ ရှင်သာနုသည် တရားဟောပြီးတိုင်းမှာ မယ်တော်ကြီးအား တရားဟောသည့် ကုသိုလ်အဖို့ကို အမျှပေးဝေလေ့ရှိပါသည်။ ရှေးဘဝက မယ်တော်ဖြစ်ခဲ့ဖူးသည့် နတ်ဘီလူးမကြီးသည် ရှင်သာနု အမျှဝေတိုင်း အနီးအနားကနေ သာဓုခေါ်လေ့ရှိသည်။

ထိုမယ်တော်ဖြစ်ခဲ့ဖူးသော နတ်ဘီလူးမကြီးမှာ ကိုရင်သာနု၏ အမျှဝေမှုကို သာဓုခေါ်ရပြီးမှသာလျှင် နတ်သဘင်အစည်းအဝေး တက်ရောက်ခွင့်ရရှာသည်။ အခြားနတ်များက တရားဟော ဓမ္မကထိက ရှင်သာနု၏ မိခင်ဟု သိမြင်ကြကာ နတ်သဘင်အစည်းအဝေး တက်ရောက်ခွင့်ပေးခဲ့ကြသည်။

တစ်နေ့တွင် ကိုရင်သာနုသည် သာသနာ့ဘောင်မှာ မပျော်၍ လူထွက်ရန် စီစဉ်သည်၊ အိမ်က မိခင်ကြီးကိုလည်း ပြောပြီးပြီ၊ လက်ရှိဘဝ မိခင်ကြီးက 'ဆွမ်းတစ်နပ်ကပ်လိုပါသေးသည်၊ ပြီးမှထွက်ပါ' ဟု ဆိုသဖြင့် ကိုရင်သာနု

ခေတ္တစောင့်ဆိုင်းနေရခိုက် ရှေးဘဝက မိခင်တော်စပ်ခဲ့ဖူးသည့် နတ်ဘီလူးမကြီးသည် ကိုရင်သာနုအား ဝင်ရောက်ပူးကပ်ကာ များစွာနှိပ်စက်ခြင်းပြုတော့၏။

ကိုရင်သာနုသည် ဝေဒနာဒဏ်ကို ခံစားရ၏။ 'ကဲ လူထွက်ချင်တဲ့ ကိုရင်သာနု ဘယ့်နှယ့်ရှိစ၊ မှတ်ပလား' စသည်ဖြင့် ကြိမ်းမောင်းပြောဆိုပြီးမှ နတ်ဘီလူးမကြီး ပြန်ထွက်သွားသည်၊ မုန်း၍ ပူးကပ်နှိပ်စက်ခြင်းမဟုတ်၊ ရှေးဘဝက တော်ခဲ့ဖူးသည့် သားတစ်ဦးအပေါ် သံယောဇဉ်ရှိ၍ ဖြစ်သည်။ 'ချစ်သား၊ သင်လူထွက်လျှင် ယခုနှိပ်စက်ခံရသလို နှိပ်စက်မှုဒဏ်ချက်တွေ မျိုးစုံ ခံစားရလိမ့်မယ်' ဟူသောသဘောဖြင့် ဝင်ရောက်, ပူးကပ်ကာ လက်တွေ့သင်ခန်းစာ ပေးသွားခြင်းဖြစ်ပါသည်။

ဤဝတ္ထုသာဓကကို ကြည့်လျှင် နတ်ဘီလူး၊ နတ်စုန်း စသူတို့သည် သူတို့၏ အတတ်ပညာဖြင့် ရဟန်း, ရှင်, လူတို့အား ချစ်၍လည်း ပြုစားနိုင်သည်၊ မုန်း၍လည်း ပြုစားနိုင်သည်ကို သတိပြုဆင်ခြင်ကြရမည် ဖြစ်ပါသည်။

အထက်ဖော်ပြပါ ကိုရင်သာနု၏ ဝတ္ထုကြောင်းသာဓကကို ရည်ညွှန်းထောက်ထားပြီး ကျေးဇူးရှင်ကံသာဆရာတော်ဘုရားကြီးက 'ယခုလောက ရှင်လူရဟန်းများ၏ သန္တာန်

မှာလည်း ကံနိမ့်သောအခါ နတ်ဆိုး၊ နတ်ဝါးများ ကောန်
ပူးကပ်ညှဉ်းဆဲနိုင်မည် မှတ်ကြလေ’

ဟူ၍ အဆိုပါဆရာတော်ဘုရားကြီးကိုယ်တိုင် ရေးသားတော်မူသည့် ‘ပဋ္ဌာဇနိယကမ္မဝါစာ’ နိဒါန်း၌ ရေးသား ဖော်ပြထားပါသည်။

## ပြိတ္တာ = တစ္ဆေ တို့၏ အကောင်း၊ အဆိုး အကြောင်း၊ အကျိုးပြတတ်ပုံ သာဓကများ

ယခု ပြိတ္တာ=တစ္ဆေ တို့နှင့်စပ်လျဉ်း၍ သာဓကအချို့ သင်ခန်းစာယူစရာအချို့ကို ဆက်လက်တင်ပြလိုပါသည်။ ပြိတ္တာ=တစ္ဆေ တို့၏ အဖြစ်အပျက်များကို ပေတဝတ္ထုတော်မှာ အများအပြား ဖော်ပြထားချက်ရှိသလို မျက်မှောက်ကာလ၌လည်း ဤပြိတ္တာ = တစ္ဆေ တို့၏ အဖြစ်အပျက်များ တွေ့ကြုံ၊ ကြားသိရတတ်ပေသည်။

ဤတွင် စာရေးသူတွေ့ကြုံရဖူးသည့် အဖြစ်၊ အပျက် တစ်ခုကို ရေးသားတင်ပြလိုပါသည်။ လွန်ခဲ့သည့် (၁၀) ဆယ်နှစ်ကျော်အချိန်ကာလက ဖြစ်ပါသည်။ ရန်ကုန်တိုင်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်အတွင်းရှိ ရပ်ကွက်တစ်ခုမှ အဖြစ်အပျက်ဖြစ်ပါသည်။ လမ်းမကျယ်ကြီးတစ်ခုဘက်သို့ မျက်နှာ

ပြုထားသော အိမ်တစ်အိမ်၌ ကားဝပ်ရှော့တစ်ခု ရှိပါသည်။ တစ်နေ့တွင် ၎င်းကားဝပ်ရှော့သို့ ပြင်ဆင်ဖို့ ကားတစ်စီး လာရောက်အပ်နှံပါသည်။

၎င်းကားကို ဝပ်ရှော့က ချက်ချင်းမပြုပြင်နိုင်သေး၍ သည်အတိုင်းပင် ခေတ္တထားလိုက်သည်၊ ကားဝပ်ရှော့၌ ညအိပ် လုပ်သားများလည်း ရှိကြသည်။ ညအချိန်တွင် ခါတိုင်းလို မဟုတ်ဘဲ ထူးခြားမှုတစ်ရပ် ဖြစ်ပေါ်လာ၏။ ထိုထူးခြားမှု ကား မကြာခင်ကမှ ပြင်ရန်ရောက်လာသောကားသည် ည အချိန်၌ ကားမီးကြီးအလိုအလျောက် ပွင့်ထွက်လာခြင်း၊ လူလည်းမပါ စက်နှိုးထားခြင်းလည်းမရှိပါဘဲလျက် ကားကြီး မှာ ရှေ့တိုး, နောက်ဆုတ် ဖြစ်နေခြင်းများကို အလုပ်သမား များ ကြုံတွေ့နေကြရလေသည်၊ တစ်ဦးတည်း တွေ့ကြုံနေရ ခြင်းမဟုတ်၊ အများစုပင် တွေ့ကြုံနေကြရသည်၊ မကြာခဏ ဆိုသလို ဖြစ်နေသည်။ မနက်မိုးလင်းသွားသောအခါ၌ကား ဘာမျှမဖြစ်၊ နောက်နောက်ညများ၌လည်း ၎င်းကားတစ်စီး တည်းပင် ထိုနည်းတူဖြစ်၍ ဖြစ်၍ နေလေသည်။

ဤတွင် ဝပ်ရှော့ပိုင်ရှင်က ၎င်းကားလာရောက်အပ်နှံ သူအား အကြောင်း, အကျိုး မေးမြန်းစုံစမ်းရလေသည်။

ထိုအခါ အကြောင်းစုံသိရတော့၏။ အကြောင်းကား ဤသို့တည်း။

အဆိုပါကားသည် မကြာသေးခင်ကပင် လူတိုက်မှုဖြစ်သည်၊ အတိုက်ခံရသူကို ၎င်းကားပေါ်သို့ တင်ဆောင်ကာ ဆေးရုံသို့ပို့သည်၊ ဆေးရုံမရောက်ခင် လမ်း၌ပင် (၎င်းကားပေါ်၌ပင်) လူနာမှာ သေဆုံးသွားသည်ဟု စုံစမ်း သိရှိရသည်။

သေဆုံးသူမှာ ဗုဒ္ဓဘာသာ မြန်မာလူမျိုးဖြစ်သည်၊ သို့သော် ထိုသူမှာ ရပ်ဝေးမှ လာရောက်နေထိုင်သူဖြစ်သည်။ သူသေဆုံးသွားပြီးနောက် သူ့အတွက် ကုသိုလ်ပြု-ရေစက်ချ အမျှဝေမည့်သူမရှိဟု သိရသည်။ ဤသို့ဖြင့် ကားဝပ်ရှော့ပိုင်ရှင်နှင့် ပြင်ဖို့လာအပ်သူ ကားပိုင်ရှင်တို့ တိုင်ပင်ညှိနှိုင်းကာ အဆိုပါကားတိုက်၍ သေသူအား ရည်စူးကုသိုလ်ပြုလျက် အမျှအတန်းဝေခြင်း ပြုကြရသည်။ ထိုသို့ပြုပြီးမှပင် ယခင်ရက်များကကဲ့သို့ ခြောက်လှန့်, ပြုမူခြင်းများ မလုပ်တော့ကြောင်း သိရပေသည်။ ဤအဖြစ်အပျက်မှာ စာရေးသူကိုယ်တိုင် တွေ့ရသော အဖြစ်အပျက်ဖြစ်ပါသည်။

ထိုသို့ ကားကို သူ့အလိုအလျောက် မီးပွင့်စေခြင်း၊ ရှေ့တိုးနောက်ငင် ဖြစ်စေခြင်း စသည်တို့ကို ကြည့်၍ လူငယ်များက 'တစ္ဆေခြောက်သည်' ဟု လမ်းထဲ-ရပ်ကွက်

ထဲ၌ အကျယ်အကျယ် ပြောကြပါသည်။ အမှန်မှာ ကား တိုက်ခံရသူမှာ ဤကားပေါ်မှာပင် ရုတ်တရက် အသက် ထွက်ရရှာသည်။ အသက်ထွက်ခါနီး၌ ဤကားကိုပင် စိတ် အာရုံအစွဲအလမ်းဖြစ်သွားဖွယ် ရှိပါသည်။ ထို့ကြောင့် သူသည် ဤကားပေါ်မှာပင် ပြိတ္တာ=တစ္ဆေဘဝ ဖြစ်ရလျက် 'သူ့ အတွက် ကုသိုလ်ကောင်းမှုပြုပေးကြပါ' ဟု တိုက်တွန်းသည့် အနေဖြင့် အထက်ပါကဲ့သို့ ပြုမူခြင်းဖြစ်မည်ကို စဉ်းစား ကြည့်ရာ၏။ တမင်သက်သက် လူတွေကို ကြောက်အောင် ခြောက်လှန့်နေခြင်း မဟုတ်ပါ။ သူ့ဘဝအဖြစ်ကို လူတို့ သိစေလိုခြင်း၊ သိသဖြင့် သူ့အတွက် ကုသိုလ်ကောင်းမှုပြု ကာ ထိုပြိတ္တာ= တစ္ဆေဘဝမှ ကျွတ်လို၊ လွတ်လိုခြင်းတို့ ကြောင့် သူတတ်နိုင်သည့်နည်းဖြင့် အသိပေးခြင်းမျိုးသာ ဖြစ်ပါသည်။ ဗုဒ္ဓစာပေ ပေတဝတ္ထုတော်များ၌ အလားတူ ဖြစ်ရပ်များ များစွာရှိနေပါသည်။

ထို့ကြောင့် ဗုဒ္ဓဘာသာဝင်များသည် အလားတူ အဖြစ် မျိုးများ ကြုံတွေ့ကြရပါက သေသူကို သနားသဖြင့် လက် မနှေးတမ်း ကုသိုလ်ပြု အမျှဝေကာ ကူညီ၊ ဆောင်ရွက်မေး နိုင်ကြပါစေဟု ဆန္ဒပြု၊ တိုက်တွန်းလိုပါသည်။

တစ်ချို့က အထက်ပါဖြစ်ရပ်မျိုးကဲ့သို့သော လုပ်ပြ မှုမျိုးကို တစ္ဆေခြောက်မှု၊ နာနာဘာဝ–ဝိနာဘာဝ မိစ္ဆာကောင်

တို့၏ အမှောင့်ပယောဂပြုမှုဟု ပြောနေကြပါသည်။ ယင်းသို့ ပြောဆို, ယူဆကြသည်နှင့်အညီ ၎င်းအမှောင့်ပယောဂ ကင်ရှင်းအောင်ဟုဆိုကာ (ရည်စူးကုသိုလ်ပြု၊ အမျှဝေမှုကို ပဓာန မထားဘဲ) ရက်ရက်စက်စက်, ပြင်းပြင်းထန်ထန် ကမ္မဝါဿုပ်-ရွတ်ဖတ်ကာ နှင်ထုတ်ပစ်တတ်ကြပေသည်။ နှင်ထုတ်ခံရသူအတွက် အဘယ်မျှ သနားစရာကောင်းသည်ကို အထက်ပါဖြစ်ပျက်မှုအားထောက်၍ ကြည့်နိုင်-သိနိုင်ပါသည်။ ကိုယ်ချင်းစာကြရပါမည်။

ဤ၌ တစ်ဆက်တည်းမှာပင် နာနာဘာဝ-ဝိနာဘာဝဆိုသော စကားနှင့်စပ်လျဉ်း၍ မှန်ကန်သော ဗဟုသုတရကြစေရန် တင်ပြလိုပါသေးသည်။

## နာနာဘာဝ-ဝိနာဘာဝ-အညထာဘာဝ

နာနာဘာဝဘေး၊ ဝိနာဘာဝဘေး၊ အညထာဘာဝဘေးဟူ၍ ဘေးသုံးမျိုး ကျမ်းများ၌ ပြဆိုချက်ရှိပါသည်။ များသောအားဖြင့်မူ နာနာဘာဝ၊ ဝိနာဘာဝတို့ကိုသာ သိမှတ်, ပြောဆိုနေကြ၏။ အညထာဘာဝကိုကား အရပ်သုံး၌ ကြားရခဲသည်။ ဤ၌ ယင်းဘာဝသုံးမျိုးနှင့်စပ်၍ အကျဉ်းသဘောမျှ ပြဆိုတင်ပြပါမည်။ ယင်းဘာဝသုံးမျိုးအကြောင်းကို

သံယုတ် မဟာဝဂ္ဂအဋ္ဌကထာ၊ ဓာတုသကဏ္ဍဋီကာ စသည်တို့၌ ဖွင့်ဆိုပြထားပါသည်။

နာနာဘာဝ-ဝိနာဘာဝကို တစ္ဆေ, သူရဲဟု အမှတ်, အယူ ရှိနေကြ၏။ အမှတ်, အယူ လွဲမှားနေပါသည်။

- နာနာဘာဝသည် အဆွေအမျိုးတို့ ကွဲကွာရခြင်းသဘော ဖြစ်၍
- ဝိနာဘာဝသည် သေကွဲ, ကွဲရခြင်းသဘော ဖြစ်ပါသည်။

ထို့ကြောင့် နာနာဘာဝ-ဝိနာဘာဝ ဆိုသည်မှာ တစ္ဆေ, သူရဲများကို ဆိုလိုခြင်းမဟုတ်ကြောင်း သိနိုင်ပါသည်။

- အညထာဘာဝဆိုသည်မှာ ---

လူ, နတ်, ဗြဟ္မာ စသည်ဖြင့် ဘဝခြားကာ ကွဲကွာရခြင်းသဘော ဖြစ်ပါသည်။

မင်းကွန်းတောရဆရာတော်မေး၍ မန်လည်ဆရာတော် ဖြေဆိုအပ်သော 'ပဉ္စတ္တာလီသပုစ္ဆာ ဝိသဇ္ဇနာ' ၌ ယင်းဘာဝသုံးပါးတို့၏ ဖြစ်ကြောင်းခြင်းရာကို တွေ့နိုင်ပါသည်၊ အောက်တွင် ဖော်ပြပါမည်။

မင်းကွန်းတောရ ဆရာတော်ကြီးက မန်လည်ဆရာတော်ကြီးအား ကဗျာဖြင့် ဤသို့မေးတော်မူသည် -

နာနာတဲ့ ဝိနာ။
အညထာ ဘာဝသုံး၊
အားလုံးသိပါ။
ဖြစ်ခြင်းရာ၊
မိတ်ဖြာဝေခြမ်း။
ဖြေသည့်သူဂုဏ်ရောင်ပွင့်အောင်
ညွှန်း ဖွင့်ပါစမ်း။ ။

မင်းကွန်းတောရဆရာတော်ဘုရားကြီးက နာနာဘာဝ-ဝိနာဘာဝ-အညထာဘာဝတို့၏ အနက်-အဓိပ္ပာယ်ဖြစ်ကြောင်းခြင်းရာကို ညွှန်းဆို, ဖွင့်ပြပါရန် မေးမြန်းတော်မူပါသည်။ မန်လည်ဆရာတော်ဘုရားကြီးကလည်း ကဗျာဖြင့် ဤသို့ဖြေကြားတော်မူပါသည် -

မျိုးကွဲတဲ့ နာနာ။
သေကွဲလျှင် ဝိနာနှင့်၊
အညထာ ဘာဝကွဲ၊
ခွဲ၍မှတ်ပါ။
ဌကထာ၊
ဋီကာအရ။
ပိဏ္ဍာတ် အဓိပ္ပာယ်နှင့်၊

သိလွယ်ရုံမကျယ်လွန်းအောင်၊

ညွှန်းဖြေဖို့ပြ။ ။

မန်လည်ဆရာတော်ဘုရားကြီးက သံယုတ်မဟာဝဂ္ဂ အဋ္ဌကထာ စသည်တို့ကို အထောက်အကိုးပြုကာ -

- အဆွေအမျိုးတို့ ကွဲကွာရခြင်းကို နာနာဘာဝ၊
- သေကွဲ, ကွဲရခြင်းကို ဝိနာဘာဝ၊
- လူ, နတ်, ဗြဟ္မာ စသည်ဖြင့် ဘဝခြားကာ ကွဲကွာရခြင်းကို အညထာဘာဝ ...

ဖြစ်ကြောင်း ဖြေဆိုတော်မူပါသည်၊ ယင်းအမေး-အဖြေ ကဗျာတို့၏ အောက်ခြေရှင်းလင်းချက် ၌ -

'ဝိမတိဒ္ဒိကာအရ -ရှင်ကွဲတဲ့နာနာဆိုရာ၏' ဟူ၍လည်း ပြဆိုထားသည်ကို တွေ့ရ၏။ ထို့ကြောင့် နာနာဘာဝ- အဆွေအမျိုးတို့ ကွဲကွာရခြင်းဆိုရာ၌ ဝိမတိဒ္ဒိကာအရ 'ရှင်ကွဲ ကွဲရခြင်း' ဟူ၍လည်း မှတ်ယူနိုင်ပါသည်။

အချို့စာပေများ၌ အညထာဘာဝကို ဖွင့်ဆိုရာတွင် 'ရာထူးလျှောကျခြင်း၊ ပစ္စည်းဥစ္စာရတနာများ ပျက်စီးဆုံးရှုံး ရခြင်းသဘော' စသည်ဖြင့် ဖွင့်ပြထားသည်ကို တွေ့ရဖူး၏။ ဤအချက်ကို ပညာရှင်များ မနစ်သက်ကြချေ။

မန်လည်ဆရာတော်၏ အထက်ပါအဆို၌မူ– အညထာဘာဝကို လူ, နတ်, ဗြဟ္မာ စသည်ဖြင့် ဘဝတို့၏ ကွဲပြားရခြင်းသဘော ညွှန်းဆိုဖွင့်ပြတော်မူထားသည်ကို ဗဟုသုတဖြစ် တင်ပြရပေသည်။

## ကံသာဆရာတော်၏ ကိုယ်တွေ့ဖြစ်ရပ် ကောက်နုတ်ချက်အချို့နှင့် ပရိတ်–ကမ္မဝါစာတို့၏ အစွမ်းသတ္တိ

ရန်ကုန်မြို့၊ ကံသာတိုက်၊ ကံသာဆရာတော်ဘုရားရေးသားအပ်သော 'ကံသာမူ ပဗ္ဗာဇနိယ ကမ္မဝါစာ' နိဒါန်းတွင် ဆရာတော်က ကိုယ်တွေ့ဖြစ်ရပ် ဝတ္ထုကြောင်းများဖော်ပြထားရာ စိတ်ဝင်စားဖွယ်–သတိထားဆင်ခြင်ဖွယ်ကောင်းလှပါ၏။

ထိုဖော်ပြချက် ဝတ္ထုသာဓကများကို ဖတ်၍ ပရိတ်–ကမ္မဝါတို့၏ အစွမ်းထက်မြက်ပုံကိုလည်း အံ့ဩရပေသည်။ သာမန် ပြိတ္တာ=တစ္ဆေများ၊ တစ်နည်းအားဖြင့် ကုသိုလ်ပြုအမျှဝေကာ အကျွတ်တရားရနိုင်သည့် ပြိတ္တာတစ္ဆေမျိုးများကို ကမ္မဝါညှပ်ကာ နှင်ထုတ်ခြင်းအတွက် မသင့်လျော်သလိုတစ်ချို့အရာ၌ ကမ္မဝါစာဖြင့် ရွတ်ဖတ်ကာ ခပ်ကြမ်းကြမ်းလုပ်ရသော အရာများလည်း ရှိလေသည်။ ဤတွင် 'ကံသာ

ဆရာတော်၏ ကိုယ်တွေ့ဖော်ပြချက်များအနက် အနည်းငယ်ကို ကောက်နုတ်ဖော်ပြလိုပါသည်။

**သရဲ (၅) ယောက် အိမ်ပေါ်ကဆင်းသွားသည်ကို မြင်ရသော မငွမ်းဝတ္ထု၊**

၁၂၇၂ ခုနှစ်၊ ဝါဆိုလဆန်း ၁၁ ရက်နေ့က ရန်ကုန်မြို့၊ စစ်ကဲမောင်ခိုင်လမ်း (ယခု ဗိုလ်ရွဲလမ်း) နေ အငြိမ်းစားမြို့အုပ်မင်း ဦးတာပိုး၏သား မောင်လှခိုင်, မင်းကတော် မညိမ, ၎င်းတူမ မငွမ်း, မဖြူ, ၎င်းသမီး မသန်း လူပေါင်း (၅) ယောက်တို့သည် မကျန်းမမာရှိနေကြသောကြောင့် ကမ္မဝါဖတ်, ပရိတ်ရွတ်ရန် သံဃာတော်လေးပါးနှင့် **ကံသာဆရာတော်** ကြွတော်မူပါဟု ပင့်လာ၍ ဆရာကိုယ်တိုင်လိုက်သွားပြီး ၎င်းလူမမာများကို သံဃာတော်၏ အနီးအနားကနေစေပြီးလျှင် အမိန့်တော်ပြန်ခြင်း, ကမ္မဝါစာဖတ်ခြင်း,ပရိတ်ရွတ်ခြင်း ပြုပြီး ပရိတ်ရေသောက်စေခြင်း, ဖျန်းစေခြင်း, ပရိတ်ကြိုးကို လည်, လက်ကောက်မှာ ချည်စေသဖြင့် စိတ်နှလုံးကြည်လင်ပြီး တစ်နေ့တခြား ချမ်းသာကြ၏။ ၎င်းကမ္မဝါစာဖတ်နေတုန်းကို မငွမ်းသည် အိပ်ပျော်သကဲ့သို့ ဖြစ်ပြီးလျှင် မျက်စိက တပ်တပ်ထင်ထင်မြင်ကြောင်းကို

လျှောက်သည်မှာ ၎င်းအိမ်ပေါ်က ဆံပင်ကိုးရိုးကားရားနှင့် မိန်းမ (၅) ယောက် ဆင်းသွားသည်ကို မြင်ရသည်ဟု လျှောက်၏။ သို့အတွက်ကြောင့်နေထိုင်မကောင်းလျှင် ကမ္မဝါ ဖတ်ခြင်း, ပရိတ်ရွတ်ခြင်းကို အထူးပင် ပြုကြဖို့ကောင်း၏။ သတိပြုကြလေ။

(ကံသာမှု-ပဗ္ဗာဇနိယကမ္မဝါစာ နိဒါန်း - စာမျက်နှာ ၅/၆မှ)

## သရဲက အစာတောင်းသော မယ်ညှာဝတ္ထု

၁၂၇၃ ခုနှစ်၊ ဝါဆိုလဆန်း ၁၂ ရက်နေ့က ရန်ကုန်မြို့၊ စဉ့်အိုးတန်းအထက်လမ်းနေ စာရေးကြီး ဦးကန်း၊ သမီး မယ်ညှာ, ဦးကန်းတူ မောင်ဗိုလ်ဖြူ, မောင်ဘာရွှန်း တို့ ဖျားနေကြသောကြောင့် ကမ္မဝါစာဖတ် ပရိတ်ရွတ်ရန် သံဃာတော်လေးပါးနှင့် **ကံသာဆရာတော်** ကြွတော်မူပါဟု ပင့်သောအခါ ဆရာသည် ဘုန်းကြီး ဦးကဝိန္ဒ, ဘုန်းကြီး ဦးစက္ကိန္ဒ, ဘုန်းကြီး ဦးအာလောက, ဘုန်းကြီး ဦးအာသဘ စသော တပည့်များနှင့် လိုက်သွားပြီး ကမ္မဝါစာမဖတ်မီ အမိန့်တော်ပြန်နေတုန်းကို မယ်ညှာသည် အလိုလိုဘာသာ ဆတ်ဆတ်တုန်၍ လူစိတ်များပျောက်ပြီး လျှောက်သည်မှာ

ငင်းစဉ့်အိုးတန်းထဲ၌ ဖျားနာသေကြေအောင်လုပ်တာ အခြားသူမဟုတ်ပါ၊ တပည့်တော်တို့ပါ ဟု လျှောက်၏။ ထိုအခါ ဆရာတို့က ငင်းမှီကပ်၍နေသော အစိမ်းသူရဲကို ဘယ်မှာနေသနည်း၊ ဘာများအလိုရှိ၍ လုပ်သနည်းဟု မေးသော် ကျုံးထိပ်မှာနေပါသည်၊ ဆန်, ဆီ, ငါးပိ, ဆား, ထင်း စသော စားစရာ, သောက်စရာ အလုံးစုံပင် လိုပါသည်ဟု ပြော၏။ ဘယ်နေရာမှာ ပေးရမည်နည်းဟု မေးပြန်သော် ရေထဲကို မျှောလိုက်ပါဟု လျှောက်၏။ ထိုကဲ့သို့မေးမြန်းပြီး ငင်းအထက် အဆိုပါ ဆရာတပည့်ငါးပါး သိထိလ, ခနိတ, နိဂ္ဂဟိတန္တ, မကာရန္တ စသည့် ပိပြင်စွာ ကမ္မဝါစာဖတ်ခြင်း, ပရိတ်တော်ရွတ်ခြင်းပြုပြီး ပရိတ်ရေနှင့် ဖျန်းခြင်း, သောက်စေခြင်း, ပရိတ်ကြိုးကို လည်, လက်ကောက်မှာ ချည်စေခြင်း စသည်တို့ကို ပြုသဖြင့် ချက်ချင်းလူကောင်း ဖြစ်၍ ယခုထိ ဘေးခပ်သိမ်းကင်းပြီး ချမ်းသာစွာရှိလေ၏။ ငင်းလူများကို သေချာစွာ မေးကြည့်ကြလေ။ လွန်မင်းစွာ အံ့သြဖွယ်ကောင်းလှ၏။

(ကံသာမှ- ပဗ္ဗာဇနိယကမ္မဝါစာ နိဒါန်း
စာမျက်နှာ ၆/၇ မှ)

ဤဖော်ပြချက်များကား ကံသာဆရာတော်၏ ကိုယ်တွေ့ရေးသားထားချက်များမှ ကောက်နုတ်ချက်များ ဖြစ်ပါ

သည်။ အခြားသာကေဖော်ပြချက်များ အများအပြား ရှိပါသေးသည်။ ဤ၌ အနည်းငယ်မျှသာ ဖော်ပြလိုက်ပါသည်။ ဤတွင် ပရိတ်, ကမ္မဝါစာတို့ အစွမ်းထက်မြက်ပုံ၊ အမှောင့်ပယောဂဖြစ်သော နတ်မိစ္ဆာ–နတ်ဘီလူး စသူတို့ကို ဖယ်ရှင်းနှင်ထုတ်ပစ်ပုံ၊ ဘုရားနည်းဖြင့် ချိုးနှိမ်ကုစားပုံ စသည်တို့ကို သိရှိနိုင်ရန် ရန်ကုန်တိုင်း၊ အင်းစိန်မြို့နယ်၊ ရွာမပရိယတ္တိစာသင်တိုက်က ဖြစ်ရပ်တစ်ခုကို ကောက်နုတ်ဖော်ပြလိုပါသေးသည်။

'တစ္ဆေသရဲတကယ်ပဲရှိသလား' ဟူသော ခေါင်းစဉ်ဖြင့် ဗုဒ္ဓဓမ္မလောက စာစောင် အတွဲ ၂၁၊ အမှတ် ၃၀၊ (၁၅–၁–၇၆) နေ့ထုတ်တွင် အရှင် ဝိလာသ (အင်းစိန်) က အောက်ပါအတိုင်း ဆောင်းပါးတစ်ပုဒ် ရေးသားခဲ့ပါသည်။ ဖတ်ရှု လေ့လာကာ အရေးကြုံ တိုက်ဆိုင်လာပါက နည်းယူအသုံးချဖို့ တိုက်တွန်းလိုပါသည်။

## တစ္ဆေသရဲ တကယ်ပဲရှိသလား

ယခုခေတ်၌ အချို့သောသူတို့သည် တစ်ဘဝမှ တစ်ဘဝသို့ ကူးပြောင်း၍ဖြစ်သည်ကို မယုံကြည်နိုင်ကြ၊ တမလွန်ဆိုတာကိုလည်း လက်မခံလိုကြ၊ တစ္ဆေ–သရဲ–ဘီလူး–ပြိတ္တာ

ဆိုသည်မှာ မိမိ၏စိတ်ချောက်ချားမှုသာဖြစ်ပြီး တကယ်ရှိသောအရာမဟုတ်ဟု ဆိုကြ၏။

"လူ–နတ်–ပြိတ္တာ၊ တိရစ္ဆာန်၊ တစ်ဖြာငရဲမှတ်" ဟူသည်နှင့်အညီ မနုဿဂတိ၊ ဒေဝဂတိ၊ ပေတဂတိ၊ တိရစ္ဆာနဂတိ၊ နိရယဂတိ ဟူသော ဂတိ (၅) မျိုးကို လက်မခံလိုကြဘဲ လက်တွေ့သိပ္ပံခေတ်ဖြစ်၍ လူနှင့်တိရစ္ဆာန်ဟူသော ဂတိနှစ်မျိုးကိုသာ လက်ခံလိုကြ၏။

'နတ်ဘုံဆိုတာ မြှောက်လုံး' ဟုလည်းကောင်း၊ 'အပါယ်ငရဲဆိုတာ ခြောက်လုံး, လန့်လုံး' ဟု လည်းကောင်း ပြောဆိုကြ၏။ ထိုသူတို့၏ စကားကြောင့် အချို့ဗုဒ္ဓသာသနာဝင်များသည် မိမိတို့၏ ဗုဒ္ဓသာသနာကိုပင် ဇဝေဇဝါ သံသယဖြစ်ကုန်ကြ၏။ ပိဋကတ်တော်၌လာသော အပါယ်လေးဘုံအကြောင်း၊ နတ်, ဗြဟ္မာအကြောင်းတို့ကိုပင် ဘုရားဟောမဟုတ်ဟု ပယ်လိုကြ၏။

ထိုနည်းအတူပင် ပရိတ်တရားတော်, ကမ္မဝါစာတို့၏ အကျိုးအာနိသင်ကိုလည်း မယုံကြည်ကြပေ၊ မိရိုးဖလာလုပ်ရိုးလုပ်စဉ်ဖြစ်၍သာ လုပ်ကြရသည်ဟု သဘောထားကြ၏။ ပရိတ်ရွတ်တာနှင့် မကျန်းမာတာ ဘာဆိုင်သလဲဟုပင် စွပ်စွဲကြ၏။

ပရိတ်တရားတော်များသည် မယုံကြည်သူတို့အဖို့ အကျိုးမထူးသော်လည်း ယုံကြည်စွာ, ရွတ်ဆို နာယူသူတို့အဖို့ကား အလွန်တရာမှ အကျိုးထူးလှ၏။ ဘုန်းတော်, ကံတော်, ဉာဏ်တော်, တန်ခိုးတော် အရှိန်အဝါ အလွန်ကြီးမားသော ရတနာသုံးပါး၏ ဂုဏ်တော်၊ မေတ္တာ, သစ္စာတို့ဖြင့်ပြီးသော ပရိတ်တရားတော်တို့သည် အမျိုးမျိုးသော အန္တရာယ်ကို ကာကွယ်နိုင်၏။ ထူးခြားသော အကျိုးများကို ပြီးမြောက်စေနိုင်၏။ ရတနာသုံးပါး၏ဂုဏ်ကို ကြည်ညိုမြတ်နိုးလျက် မေတ္တာ, သစ္စာ စွမ်းပကားကို ယုံကြည်, ကိုးစားပြီး ပရိတ်တရားတော်များကို စွဲမြဲစွာ ရွတ်ဆိုခြင်းကြောင့် ဘေးအန္တရာယ်ပေါင်းမှ အံ့သြဖွယ်ရာ လွတ်မြောက်သူများ၊ အကျိုးထူးခံစားရသူများမှာ မနည်းလှပေ၊ အန္တရာယ်ကင်းရပုံ ကိုယ်တွေ့အကြောင်းအရာတစ်ခုကို တင်ပြပါအံ့။

**အသံနက်ကြီး**

'အမယ်လေး --- စူးရှလှချည်ရဲ့နော်၊ အမယ်လေး --- သေရချည်ရဲ့၊ ငါ့ကို မြန်မြန်နေရာပေးကြပါ၊ ငါမနေနိုင်တော့ဘူး၊ အမယ်လေး --- အမယ်လေး ---'

ဤကဲ့သို့ သံဃာတော်များ၏ အလယ်၌ တဆတ်ဆတ်

တုန်လှုပ်ပြီး ထွန့်ထွန့်လူးကာ ကယ်ပါ-ယူပါ တစာစာဖြင့် ညည်းညူနေသော အသံနက်ကြီးကို ယနေ့တိုင်အောင် ကြား ယောင်နေပါ၏။

အထက်ပါအသံနက်ကြီးကား အခြားမဟုတ်၊ မကောင်း ဆိုးဝါးကြီး၏အသံ ဖြစ်ပါသည်။ သူသည် ပရိယတ္တိစာသင် သားများကို အမျိုးမျိုးအနှောင့်အယှက်ပေးနေသူလည်း ဖြစ် ပါ၏။

အချိန်မှာကား ၁၃၃၇ ခုနှစ်၊ ဝါခေါင်လကွယ်နေ့-ည (၈) နာရီခွဲအချိန်မှာ ဖြစ်ပါ၏။

အချို့က ဖိုးသူတော်ဟုလည်း ပြောကြ၏။ အချို့က ဖြူဖြူအကောင် သရဲသဘက်ကြီးဟုလည်း ပြောကြ၏။ ထို ဖြူဖြူသရဲကြီးတစ်ကောင်သည် အင်းစိန်ရွာမ ပရိယတ္တိစာသင် တိုက်အတွင်း ယခုနှစ်မှ အသစ်ဆောက်လုပ်ပြီးစီးသော ‘သုခဝံသကျောင်းဆောင်’ ၌ နေသူစာသင်သားများကို ခြောက် လှန့်ပြီးတစ်မျိုး၊ ပူးဝင်လျက်တစ်ဖုံ နည်းမျိုးစုံဖြင့် အနှောင့် အယှက်ပေးနေပါ၏။

အစပထမကတော့ ၎င်းဖြူဖြူ အကောင်ကြီးကို ကျောင်း တွင်း၌လည်းကောင်း၊ ကျောင်းပတ်ဝန်းကျင်၌ လည်းကောင်း အချို့ကိုရင်, ဦးပဥ္စင်းများက ညအချိန်ဝယ် မကြာမကြာ

တွေ့နေသော်လည်း အများက သာမည ဖြစ်ရိုးဖြစ်စဉ်လောက်ပဲ မှတ်ထင်နေကြပါ၏။ အချို့ပုဂ္ဂိုလ်များကလည်း 'စိတ်ထင်လို့ပါကွာ' ဟု ခပ်ပေ့ပေ့ပဲ ပြောကြပါ၏။

ငင်း 'သုခဝံသကျောင်းဆောင်' တွင် ဦးအကိုရ၊ ဦးဝါသဝ ဟူသော ဦးပဥ္စင်းနှစ်ပါးနှင့် ကိုရင်လေး (၁၀) ပါး နေထိုင်ကြ၏။ ငင်းကျောင်းဆောင်ကလည်း အခြားကျောင်းဆောင်များနှင့် မနီးဘဲ ကျောင်းတိုက်၏ အစွန်**အဖျား**မှာ ဖြစ်ပါ၏။ ငင်းကျောင်းဆောင်၌ နေသူများ ပုဂ္ဂိုလ်တိုင်းလိုလိုပင် အလဲအလှယ် မကြာမကြာ နေထိုင်မကောင်းဖြစ်နေသော်လည်း အများက ဒီသရဲကြီး နှောင့်ယှက်ခြင်းကြောင့်ဖြစ်သည်ဟု မထင်ကြသေးပါ၊ သွေးရိုး၊ သားရိုး နေထိုင်မကောင်းတာပဲဟု ပြောနေကြပါ၏။ အချို့ကတော့ ဒီကျောင်းဆောင်မှာ အနှောင့်အယှက်ရှိလို့သာ ယခုလို မကြာမကြာနေထိုင်မကောင်းဖြစ်နေကြသည်ဟု ပြောကြ၏။

## ကြောက်တယ်–ကြောက်တယ်

ပလောင် ကိုရင်ကလေး ရှင်ဥတ္တရဆိုလျှင် တစ်နေ့သောအခါမှာ 'ဖြူဖြူအကောင်ကြီးက လာခေါ်နေလို့ ကြောက်တယ်–ကြောက်တယ်' ဟု ပြောဆိုကာ ကြောက်လန့်၊ တုန်

လှုပ်နေပါ၏။ ၎င်းကိုရင်လေးသည် မကြာမကြာလည်း ဗိုက်အောင့်ဖြစ်နေပါ၏။ လူကြီးများက သံထိုးတယ်ထင်၍ သံကျဆေးများကိုလည်းကျွေး၊ ဆေးရုံကိုလည်း ပို့ပါ၏။ သို့သော် ဗိုက်အောင့်ရောဂါမှာ လုံးဝမပျောက်ဘဲ မကြာမကြာ ပြန်ဖြစ်နေပါ၏။

တစ်နေ့သော် ၎င်းကိုရင်လေးသည် ည (၁၀) နာရီလောက်မှာ အပြင်းအထန် ဗိုက်အောင့်လာပါ၏။ အနီးအနားက ဦးပဥ္စင်းနှစ်ပါး, သုံးပါး ချုပ်ကိုင်ထားသော်လည်း မနိုင်ဘဲ ဖြစ်နေပါ၏။

စာချဘုန်းကြီးတစ်ပါးအား သွားပြီးလျှောက်ထားရာ စာချဆရာတော်ရောက်လာပြီး ၎င်းဆရာတော်က ဂုဏ်တော်များကို ရွတ်ဖတ်သရဇ္ဈာယ်၍ ဝမ်းဗိုက်ကို သုံးသပ်လိုက်တာနှင့်တစ်ပြိုင်နက် ဝမ်းဗိုက်အောင့်နေသည်မှာ ချက်ချင်းပျောက်ကင်းသွားသည်ကို တွေ့ကြရပါ၏။ ထို့နောက် ၎င်းဆရာတော်ကပင် ထုံးနှင်းဖျော်ခိုင်းပြီး ဘုရားရှေ့မှာ ဂုဏ်တော်များဖြင့် ရွတ်ဖတ်မန်းမှုတ်ကာ ဝမ်းဗိုက်ကို လိမ်းပေးလိုက်သောအချိန်မှစပြီး နောက်ထပ် ဗိုက်မအောင့်တော့ပါ။

## ချုပ်ကိုင်ထားသော်လည်းမနိုင်

၁၃၃၇ ခုနှစ်၊ ဝါခေါင်လဆုတ် ၁၂ ရက်နေ့ ည (၈) နာရီအချိန်ဝယ် ဦးဝါသဝကိုယ်တော်လေးသည် သူ၏ ခုတင်ပေါ်ဝယ် ပက်လက်လှန်ပြီး စာကြည့်နေခဲ့မှာ ဖြူဖြူကြီးဟု ထင်ရသော အကောင်ကြီးတစ်ကောင်က ၎င်းကိုယ်တော်လေးအား ခုတင်ပေါ်မှ ဆွဲချပါလေ၏။ ကိုယ်တော်လေးလည်း ခုတင်ပေါ်ကကျပြီး လုဗိတ်ပေါက်ကာ ဟိုဟိုဒီဒီ လျှောက်ပြေးနေပါ၏။ ကိုယ်တော်လေးသတိရလာသောအခါနှင့် တစ်ပြိုင်နက် ၎င်းဖြူဖြူအကောင်ကြီးကို အနီးရှိ တွေ့ရာနှင့် ဆွဲရိုက်လိုက်၊ လုဗိတ်ပေါက်လိုက်နှင့် ထိုအချိန်မှာ အခြားသော စာသင်သား သံဃာများက စာဝါသွားလိုက်နေသဖြင့် ၎င်းကိုယ်တော်လေးနှင့်အတူ ကျောင်းသားငယ်နှစ်ယောက်သာ ၎င်း 'သုခဝံသကျောင်းဆောင်' မှာ ရှိနေပါ၏။ ကျောင်းသားလေးတွေလည်း လန့်ဖျန့်ပြီး ထွက်ပြေးကာ အခြားသောကျောင်းရှိ ဦးပဥ္စင်း, ကိုရင်များအား သွား၍ပြောပြကြပါ၏။ ဦးပဥ္စင်း, ကိုရင်များရောက်လာပြီး ချုပ်ကိုင်ထားသော်လည်း မနိုင်ဘဲ ဖြစ်နေပါ၏။

ဘဒ္ဒဆရာတော်များ၊ တိုက်အုပ်ဆရာတော်များ ရောက်လာပြီး မေတ္တာရပ်ခံ တောင်းပန်သောအခါ ငြိမ်သွား

ပါ၏။ သို့သော် ရှင်းရှင်းမပျောက်သေးပါ၊ သတိတော့ ရပါ၏။ ဆရာတော်များက ၎င်းကိုယ်တော်လေးကို သူနေသောကျောင်းမှာ မအိပ်စေဘဲ အခြားကျောင်းဆောင်သို့ ညတွင်းချင်းပြောင်းရွှေ့ပို့ထားလိုက်ပါ၏။ အခြားနေရာသို့ ရောက်သွားသောအခါ ထူးခြားမှုမရှိသည်ကို တွေ့ရပါ၏။ သို့သော်လည်း ကြည့်ရသည်မှာ ကြည်ကြည်လင်လင်မရှိလှပါ။

## အနှောင့်အယှက်ရှိသည်

နောက်တစ်နေ့ရောက်သောအခါ --

အချို့ဦးပဉ္စင်းများက ပယောဂဆရာများကိုခေါ်ပြီး စမ်းသပ်ကြည့်၏။ အနှောင့်အယှက်ရှိသည်ဟု ဆရာများက ပြောကြပါ၏။ ပယောဂဆရာများက သူတို့တာဝန်ယူပြီး ပျောက်ကင်းအောင်ကုသပေးမည်ဟုလည်း ပြောပါ၏။ ၎င်းပယောဂဆရာများ ပြန်သွားသောအခါ ၎င်းမကောင်းဆိုးဝါးများက လမ်းမှာလိုက်ပြီး အနှောင့်အယှက်ပေးသဖြင့် ဆရာတစ်ယောက်မှာ ချော်လဲ၍ လက်ကပ်သွားပါ၏။ ဆရာတစ်ယောက်မှာ ခေါင်းမူးသွား၏။ ၎င်းဆရာများ ဝါခေါင်လကွယ်နေ့ နံနက်ခင်း ကျောင်းသို့လာပြီး 'ယခုဖြစ်နေသောအနှောင့်အယှက်ဟာ သာမညမဟုတ်ဘဲ ကြီးကျယ်သောအနှောင့်အယှက်ဖြစ်သည့်အတွက် အဖက်ဖက်က ပြင်ဆင်

ချိန်ရအောင် တော်သလင်းလဆန်း (၄) ရက်နေ့ကျမှ ကုသပါရစေ’ ဟု လျှောက်ထားပြီး ပြန်သွားကြပါ၏။

ဝါခေါင်လကွယ်နေ့ ကျောင်းကိစ္စများပြီးသောအခါ ညနေပိုင်းမှာ နာယကဆရာတော်နှစ်ပါးနှင့်တကွ ဂဏာဝါစကစာချဆရာတော်များပါ စည်းဝေးပြီး ၎င်းကိစ္စအတွက် ဆွေးနွေးကြပါ၏။ ဦးဝါသဝကိုယ်တော်လေးအား မကောင်းဆိုးဝါး အစိမ်းသရဲများ နှောင့်ယှက်သော မူလနေရာ ‘သုခဝံသကျောင်းဆောင်’ ၌ နေစေ၍ ညစဉ်ညတိုင်း (၇) ရက်လုံးလုံး ပရိတ်, မေတ္တာ, ကမ္မဝါစာများ ရွတ်ဖတ်ရန် အများသဘောတူ ဆုံးဖြတ်လိုက်ပြီးလျှင် ချက်ချင်းပင် နေရာထိုင်ခင်းပြင်ဆင်လျက် ပရိတ်, မေတ္တာ, ကမ္မဝါရွတ်ဖတ်ကြပါ၏။

## ငါ့ကိုနေရာပေးကြပါ

အချိန်မှာ ၁၃၃၇ ခုနှစ်၊ ဝါခေါင်လကွယ်နေ့၊ ည (၇) နာရီခွဲအချိန် ဖြစ်ပါ၏၊ ကျောင်းဆောင်နှင့်အပြည့် သံဃာတော်အပါး (၅၀) ကျော် စုဝေးပြီး အဆင်သင့်နေရာယူကြပြီး ဖြစ်ပါ၏။ ဆရာတော်က ပရိတ်, မေတ္တာ, ကမ္မဝါပွဲကျင်းပရခြင်းအကြောင်းကို မိန့်ကြားပြီး ဘုရားရှိခိုး ပူဇော်ကြ၏။ နတ်, ဗြဟ္မာများအား ဖိတ်ကြား၍ ပရိတ်တော်များကို အား

လုံးစုပေါင်းရွတ်ဆိုကြပါ၏။ ထိုအချိန်ဝယ် လေနှင့် မိုး အပြင်းအထန် တိုက်ခတ်, ရွာသွန်းလာပါ၏။ ပရိတ်တော် များ ရွတ်ဖတ်နေချိန်ဝယ် ပယောဂအပူးခံရသော ဦးဝါသဝ ကိုယ်တော်လေး ဘယ်နေရာ၌ ထိုင်နေသည်ဟု အများက သတိမပြုမိကြပါ။

**ဆရာတော်များက** ရတနသုတ်၊ မေတ္တသုတ်၊ **အာဋာနာဋိယသုတ်**၊ မဟာသမယသုတ်နှင့် ဓာရဏပရိတ်ကို **ရွတ်ဖတ်စဉ်** ---

'အမယ်လေး --- ငါ့ကိုနေရာပေးကြပါ၊ နေရာပေး ကြပါ၊ အမယ်လေး စူးရှလှချည်ရဲ့နော် ---'

စသည်ဖြင့် အသံနက်ကြီးဖြင့် အော်ဟစ်ကာ ဦးဝါသဝ ကိုယ်တော်လေး လဲကျသွားပါ၏။ တုံးလုံးပက်လက်ဖြင့် သံဃာ့အလယ်သို့ တိုးဝင်လာပါ၏။ သူ၏အသံကြောင့် ရုတ်တရက် ပရိတ်ရွတ်မှုရပ်ဆိုင်းသွားပြီး အားလုံး အထိတ် တလန့်ဖြစ်ကုန်ကြပါ၏။ သံဃာတော်အားလုံး၏ မျက်လုံး အစုံသည် ၎င်းဦးဝါသဝကိုယ်တော်လေးဆီသို့သာ ရောက်နေ ကြပါ၏။ ဦးဝါသဝကိုယ်တော်လေးသည်လည်း လူစိတ် ပျောက်ကာ ထွန့်ထွန့်လူးလျက် စူးရှလှကြောင်း ညည်းညူပြီး

သူ့အတွက် နေရာပေးဖို့ကိုသာ တစာစာ တောင်းခံနေပါ၏။ ထိုအချိန်တွင် မိုးလေများလည်း စဲသွားပြီဖြစ်နေပါ၏။

ဆရာတော်များက 'သင်ဘယ်သူလဲ' ဟု မေးသောအခါ 'အကျွန်ုပ်သည် သင်တို့မနေခင် နှစ်ပေါင်းအတော်ကြာကတည်းကပင် ဒီနေရာ၌ နေသူဖြစ်ကြောင်း၊ ဒီနေရာမှာ အဆောက်အအုံဆောက်တာ မကြိုက်၊ မြေကြီးတူးဆွတာကိုပင် မကြိုက်၊ ကျွန်ုပ်၏ ပစ္စည်းဥစ္စာများ ဤနေရာမှာရှိသည်၊ နောက်လိုက်ငယ်သားများစွာ ရှိတဲ့အကြောင်း' ကို ပြောပြ၏။

ဆရာတော်များက 'သင့်ကို ဒီနေရာတွင် နေခွင့်မပြုနိုင်ကြောင်း၊ ငါတို့၏ တပည့်သံဃာများကို အနှောင့်အယှက်မပေးဖို့အကြောင်း၊ ဤနေရာမှ အမြန်ထွက်သွားပြီး နတ်မင်းကြီးများထံမှာ သင့်တော်ရာနေရာတောင်း၍ ပြောင်းရွှေ့နေရမည့်အကြောင်း' အမိန့်တော်ပြန်၍ သစ္စာရေတိုက်ကြပါ၏။ သစ္စာရေကိုအနည်းငယ်သောက်ပြီး ထွက်သွားပါ၏။ မကောင်းဆိုးဝါးကောင်ကြီး ထွက်သွားသည်နှင့်တစ်ပြိုင်နက် ဦးဝါသဝကိုယ်တော်လေးလည်း အကောင်းပကတိဖြစ်သွားပါ၏။ 'ဘာဖြစ်ကြတာလဲ' ဟုပင် အခြားသူများအားမေးနေပါသေး၏။

## အန္တရာယ်အားလုံး ငြိမ်းသွားပြီ

သံဃာတော်များသည်လည်း ရွတ်ဖတ်ဆဲ ဓာရကာပန်းပုံ တော်ကို အစမပြန့်၍ ရွတ်ဖတ်ကြပါ၏။ ထို့နောက် မေတ္တာ ပို့များ၊ ကမ္မဝါစာများ ရွတ်ဖတ်ပြီး အမျှအတမ်းပေးဝေကာ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြပါ၏။ (၇) ရက်တိုင်တိုင် ၎င်းနေ့နည်းတူ ရွတ်ကြပါ၏။ နောက်နေ့များ၌ ထူးခြားမှု မရှိတော့ပါ။ အန္တရာယ်အားလုံး ငြိမ်းအေးသွားပါ၏။

တော်သလင်းလဆန်း (၄) ရက်နေ့မှာ ပယောဂဆရာ များ လာရောက်ပြီး စမ်းသပ်သွင်းခေါ်သော်လည်း သွင်းခေါ်၍ မရတော့ပါ၊ ထူးခြားမှုလည်း မရှိတော့ပါ။

ဘုရားရှင်၏ အာဏာစက်နှင့် သံဃာတော်၏ အရှိန် အဝါသည် ဤမျှကြီးမားပါပေစွ၊ ပရိတ်, မေတ္တာ, ကမ္မဝါ စာများ၏ အကျိုးအာနိသင်ကို ကိုယ်တိုင်မြင်တွေ့ရသဖြင့် ဘုရား, တရား, သံဃာ ရတနာသုံးပါး၏ ဂုဏ်ကျေးဇူးကို ပို၍သာ ယုံကြည်, ကိုးစားမိပါ၏။

ဤကဲ့သို့ မျက်မြင်ကိုယ်တွေ့ အကြောင်းအရာကို ထောက်ရှုသောအားဖြင့် ပေတဂတိ ဆိုသည်မှာ တကယ်ပင်ရှိ ကြောင်း ယုံကြည်သင့်ပေ၏။ ၎င်းတစ္ဆေ, သရဲ, ဘီလူး, ပြိတ္တာများသည် လူသားတို့အား အခါအားလျော်စွာ အနှောင့် အယှက်ပေးနိုင်သည်ကိုလည်း ယုံမှားမရှိသင့်ပေ။ ရှင်မဟာ

မောဂ္ဂလ္လာန်ကိုယ်တော်ကြီး၏ ဝမ်းဗိုက်တွင်းသို့ မာရ်နတ် ဝင်ရောက်နှောင့်ယှက်ဖူးသည့် ထုံးလည်း ရှိပါ၏။

စာရေးသူကဲ့သို့ပင် အခြားသူများ မိမိတို့၏ သာသနာတော်ရဲ့ ဂုဏ်ကျေးဇူးကို အထူးသိစေရန် ပုံပြင်မဟုတ်သော ကိုယ်တွေ့အကြောင်းအရာကို တင်ပြအပ်ပါသတည်း။

အထက်ဖော်ပြပါ ဖြစ်ရပ်ကိုကြည့်လျှင် မကောင်းဆိုးဝါးပဲခေါ်ခေါ်၊ ပြိတ္တာကောင်ကြီးပဲပြောပြော၊ ဥစ္စာစောင့်ဟုပဲဆိုဆို၊ သတ္တဝါတစ်ကောင်၊ မိစ္ဆာကောင်တစ်ကောင်အနေဖြင့် သက်ရှိလူသားများကြား ဝင်ရောက်, နှောင့်ယှက်ခဲ့ပုံကို သိနိုင်၏။ နေ့စဉ် ပရိယတ်ဝန်ဆောင်ကာ စာပေတွေနေ့စဉ် ရွတ်ဖတ်သရဇ္ဈာယ်နေသည့် ရဟန်းတော်များကိုပင် ဝင်ရောက်, နှောင့်ယှက်နိုင်စွမ်းရှိပေရာ သာမန်လူသားများအတွက်လည်း လွယ်လင့်တကူ နှောင့်ယှက်နိုင်တော့သည်သာ ဖြစ်၏။

ဤသို့ နှောင့်ယှက်ခံရပါက ဗုဒ္ဓဘာသာဝင်များသည် အထက်ပါဆရာတော်, သံဃာတော်များ ဘုရားနည်းဖြင့်ကုစားတော်မူခဲ့ကြပုံကို နမူနာယူကာကုစားတတ်ရန်–နည်းယူနိုင်ရန်–လက်တွေ့အသုံးချနိုင်ရန် ဖော်ပြလိုက်ရခြင်းဖြစ်ပါသည်။

**မျက်မှောက်ခေတ်ဖြစ်ရပ်များအပေါ်ဗုဒ္ဓပိဋကတ်အမြင်ဖြင့် ထင်ဟပ်ကြည့်ခြင်း**

အထက်ဖော်ပြပါ မျက်မှောက်ခေတ်ဖြစ်ရပ်ဆန်းများ အပေါ် ဗုဒ္ဓပိဋကတ်အမြင်ဖြင့် ထင်ဟပ်ကြည့်လျှင် ဗုဒ္ဓပိဋကတ်စာပေများ၌ အလားတူဖြစ်ရပ်မျိုးတွေ များစွာရှိနေသည်ကို လေ့လာတွေ့ရှိရပါ၏။ ရှေ့ပိုင်းတွင် ဖော်ပြခဲ့သည့် သာနုသာမဏေ၏ ဖြစ်စဉ်မှာလည်း ဓမ္မပဒ အဋ္ဌကထာ၌ ပါသော ဖြစ်စဉ်တစ်ရပ်ပင် ဖြစ်သည်။

ပါရာဇိကကဏ်ပါဠိတော်၊ ဝိနီတဝတ္ထုများ၌ ရဟန်းတော်ကို ဘီလူးပူးဝင်ကြောင်း ဖော်ပြပါရှိပါသည်။ တစ်ခါသော် ရဟန်းတော်တစ်ပါးအား ဘီလူးပူးဝင်ရာ အခြားရဟန်းတော်တစ်ပါးက ရိုက်နှက်သဖြင့် အရိုက်ခံရသော ရဟန်းတော် ပျံလွန်တော်မူရကြောင်း ပြဆိုထားပါသည်။

နောက် ရဟန်းတော်တစ်ပါးမှာမူ ဘီလူးပူးဝင်၍ အရိုက်ခံရသော်လည်း အသက်မသေကြောင်း ပြဆိုထားပါသည်။

ဆဋ္ဌမူ၊ မဟာဝါပါဠိတော် ၂၉၄ ၌ မထင်ရှားသော ရဟန်းတော်တစ်ပါး ဘီလူးပူးဝင် ဖမ်းစားခံရပုံ ပါရှိပါသည်။ ထိုရဟန်းတော်သည် ဘီလူးပူးဝင်ခံထားရသော အချိန်၌ ဝက်သတ်ရောင်းသည့်အိမ်သို့ သွားရောက်ကာ အသားစိမ်း

ကို စားသည်။ သွေးစိမ်းကိုလည်းသောက်သည်။ ထိုကဲ့သို့ အသားစိမ်း, အသွေးစိမ်းကို စားသောက်ပြီးကာမှ ဘီလူးပူး ဝင်ခံရမှု ပျောက်ငြိမ်းသွားတော့၏။

ဤသို့ အသားစိမ်း, အသွေးစိမ်းတို့ကို ရဟန်းတော်က စား, သောက်သည်ဟုဆိုသော်လည်း အမှန်တကယ် ရဟန်းတော်က စား,သောက်ခြင်းမဟုတ်၊ ရဟန်းတော်မှာ ပူးကပ်နေသည့် ဘီလူးက စား,သောက်သွားခြင်းသာ ဖြစ်ပါသည်။ (မဟာဝါ၊ ၄၅၊ ၃၇၁)

ထို့ကြောင့် လူ့လောက လူ့ဂန်းကျင်တွင် လူ, ရှင်, ရဟန်း အားလုံးကို နှောင့်ယှက်တတ်သော မိစ္ဆာကောင်များ ရှိသည်ဆိုခြင်းကို သတိမူရပါမည်။ ယင်းမိစ္ဆာကောင်အားလုံး သည် ဓတရဋ္ဌ၊ ဝိရူဠှက၊ ဝိရူပက္ခ၊ ကုဝေရ (ဝေဿဝဏ်) ဟူသော နတ်မင်းကြီး (၄) ဦးတို့၏ လက်အောက်ခံများချည်း သာ ဖြစ်ပါသည်။ သူတို့၌ အညံ့စားတန်ခိုးဣဒ္ဓိပါဒ်များ ရှိပါသည်။ သို့သော် လူတို့အနေဖြင့် သူတို့အား ကြောက် စရာမဟုတ်ပါ၊ ဘုရား, တရား, သံဃာ ဟူသော ရတနာသုံး ပါးတို့၏ဂုဏ် လွှမ်းခြုံကာ ပယ်ရှား, တွန်းလှန်ခြင်း၊ ကျွတ် သင့်သူကို ကုသိုလ်ပြု အမျှဝေကာ ကျွတ်အောင်လုပ်ပေးခြင်း စသည့် နည်းလမ်းများအသုံးပြုလျက် ကာကွယ်, ဟန့်တား သွားကြရမည်သာ ဖြစ်ပါသတည်း။

✳ ✳ ✳

# လူ့ဝန်းကျင်မှ ဘုတ် (ဖုတ်) ပြိတ္တာများ

လူ့ဝန်းကျင်၌ ဘုတ် (ဖုတ်) ပြိတ္တာတို့သည် လူ့ရည်-သူ့ဟန်ဖြင့် ကျင်လည် ကျက်စားနေကြကြောင်း ဗုဒ္ဓစာပေကျမ်းလာစကားများအရ သိနိုင်ပေသည်။

မြန်မာစကား၌ ဘုတ် (ဖုတ်) ဝင်သည်-ဘုတ် (ဖုတ်) ကပ်သည်-ဟူသော စကားအသုံးအနှုန်း ရှိပေသည်။ ထိုဘုတ်ဝင်, ဘုတ်ကပ်ခြင်းသဘောမှာ ရှေးအခါကလည်း ရှိခဲ့ဖူး၏။ ဤမျက်မှောက်ကာလ၌လည်း လူ့ဝန်းကျင်မှာ ကြိုးကြား, ကြိုးကြား တွေ့ရတတ်၏။

မြန်မာလူမျိုးတို့သည် ဘုတ်ဝင်ခြင်းခံရပါက ဘုတ်ဝင်ခံရသူ၏ အိပ်ရာအောက် သြဇာရွက်ခင်း၊ ဘုရားအင်္ဂတေခင်း၊ ထိုဘုတ်ဝင်ခံရသူ၏ ခေါင်းအုံးအောက် လွှာဖိနပ်ထိုးထားခြင်းတို့ ပြုလုပ်လေ့ရှိကြသည်။ ထို့ပြင် ထိုဘုတ်ဝင်ခံရသူ၏ ကိုယ်၌ လက်ဖွဲ့ကြိုး ချည်နှောင်ပေးခြင်း၊ ပရိတ်, မေတ္တာစသည် ရွတ်ဖတ်, နှစ်ထုတ်ပစ်ခြင်းတို့ ပြုလုပ်လေ့ရှိကြပေသည်။

ထိုဘုတ်ပြိတ္တာများသည် လူတို့ကို အခါအားလျော်စွာ ပူးကပ်တတ်လေ့ရှိရာ ရှေးမြန်မာကြီးများသည် အထက်ပါ အတိုင်း ကိုယ့်နည်းကိုယ့်ဟန်ဖြင့် ကုစားခဲ့ကြသည်။ ဘုတ် ပြိတ္တာရန်ကို ကာကွယ်ခဲ့ကြသည်။

ရှေးအခါက ပါဠိလိပုတ်ပြည့်ရှင် စန္ဒဂုတ်မင်းကြီးသည် သေပြီးပြီးချင်း ဘုတ်ဝင်ပူးကပ်ခြင်းခံခဲ့ရသည်၊ ပုရောဟိတ် အမတ်များနှင့် သားတော် ဗိန္ဒုသာရမင်းတို့ တိုင်ပင်ညှိနှိုင်း ကာ ကုစားခဲ့ကြသည်၊ ကုစားခဲ့ပုံမှာ–မင်းကြီး၏ အလောင်း ကောင်အနီး၌ မင်းချင်းနှစ်ယောက်တို့ ဓားလုသည့်ဟန် လုပ်ကြသည်၊ ထိုအခါ မင်းကြီး၏ အလောင်းကောင်အနီးသို့ ဓားလွတ်ကျသည်၊ ထိုဓားဖြင့်ပင် ဘုတ်တစ္ဆေကို လုပ်ကြံရ သည်–ဟု မဟာဝင်ကျမ်းတွင် ပြဆိုထားပါသည်။

## ဗုဒ္ဓစာပေကျမ်းဂန်၌ ဖော်ပြချက်

**ပါရာဇိကကဏ်** ပါဠိတော်၊ ဒုတိယပါရာဇိက၊ ဝိနီတဝတ္ထုဌ်– ရဟန်းတစ်ပါးသည် သုသာန်သို့သွား၍ မပျက်စီးသေးသော အလောင်းကောင်မှ အဝတ်ကို ပံ့သကူသွားကောက်သည်၊ ထိုသေသူအလောင်းကောင်သည် သူ့ကိုယ်ကိုပင်စွဲ၍ သူ့ ကိုယ်၌ပင် ဘုတ်ပြိတ္တာဖြစ်နေသည်၊ ထိုဘုတ်ပြိတ္တာက ပံ့သကူ

လာကောက်သည့်ရဟန်းအား "အရှင်ဘုရား၊ တပည့်တော်၏ အဝတ်ကို မယူပါနှင့်" ဟု ပြောဆို တားမြစ်၏။ ရဟန်းသည် နားမထောင်ဘဲ ပံ့သကူကောက်မြဲသာ ကောက်သွားလေတော့၏။

ထိုအခါ အလောင်းကောင်ကြီးသည် ရဟန်း၏နောက်မှ ထကြွပ်မကွာ လိုက်သွားလေတော့၏။ ရဟန်းသည် ကျောင်းတွင်းသို့ရောက်လျှင် တံခါးကို ပိတ်လိုက်၏။ ထိုသို့ တံခါးပိတ်လိုက်လျှင်ပင် အလောင်းကောင်ကြီးသည် လဲကျသွားတော့၏။

ဤဖြစ်စဉ်ကို အကြောင်းပြု၍ ဘုရားရှင်က "ရဟန်းတော်များသည် နောင်တွင် မပျက်စီးသေးသော အလောင်းကောင်၌ ပံ့သကူအဝတ်မကောက်ရ၊ ကောက်သောရဟန်း ဒုက္ကဋ်အာပတ်သင့်စေ" ဟု သိက္ခာပုဒ် ပညတ်တော်မူသည်။

ဘီလူးပြိတ္တာ၊ ဘုတ်ပြိတ္တာတို့နှင့် စပ်လျဉ်း၍ ညောင်လေးပင်တောရ ဆရာတော်က ဝိသုဒ္ဓိမဂ်အရသာ စာအုပ် စာမျက်နှာ ၁၀၂ တွင် ……

"ဘီလူး, ပြိတ္တာတို့ နှစ်သက်သော ဆီထွေး, နမ်းလှော်, ပဲထမင်း, ငါး, အမဲနို့ရည်, ဆီတင်လဲ စသော ဖုတ်, လှော်, ကင်, သင်းသည့် အစာကိုလည်း မမှီဝဲအပ်၊ သုသာန်မှအပြန် ပြိတ္တာငွေ့ထုံခြင်း, ဘုတ်

ပြိတ္တာ ပါလာတတ်ခြင်းတို့ကြောင့် ဒကာတို့၏၊ အိမ်သို့ မဝင်အပ်”

ဟူ၍ ပြဆိုထားပါသည်၊ သုသာန်မှတင်ဆောင် ရဟန်းတော်များအတွက် ညွှန်းဆိုချက်ဖြစ်ပါသည်။

## မြေဘုတ်ဘီလူး ပြိတ္တာတို့ အဆောင်ရှိပုံ

မြေဘုတ်ဘီလူး ပြိတ္တာတို့သည် ဆေးမြစ်စသည်ကို ဆောင်ယူလေ့ရှိကြောင်း ကျမ်းလာစကားရှိပါသည်။ သာရတ္ထသင်္ဂဟ–၌ . . .

ပံသု ဝိသာစကာနာမ အသုစိ ဌာနေ နိဗ္ဗတ္တာ ဝိသာစကာ။ တေ ကိရ ဧကံ မူလံ ဂဟေတွာ အဒိဿမာန ကာယာ ဟောန္တိ။

ဟု ပြဆိုထားပါသည်။

‘ပံသု ဝိသာစကာပြိတ္တာ– ဆိုသည်မှာ– အမှိုက်သရိုက်, အညစ်အကြေးစွန့်ရာအရပ်၌ ဖြစ်သော မြေဘုတ်ဘီလူးပြိတ္တာမျိုးတည်း၊ ထိုမြေဘုတ်ဘီလူး ပြိတ္တာတို့သည် ဆေးမြစ်တစ်ခုခုကိုဆောင်၍–မထင်ရှားသော ကိုယ်ကို ဖန်ဆင်း၍ (သို့မဟုတ်) ကိုယ်ကို ဖျောက်၍ ဖြစ်ကုန်၏’–

ဟု အဓိပ္ပာယ်ရပါသည်၊ ထို့ကြောင့် ဘီလူးပြိတ္တာတို့သည်

ဆေးမြစ်တစ်ခုကို ဆောင်ထားလေ့ရှိကြောင်း သိနိုင်၏။ အောက်ပါဝတ္ထုသာဓကကို သတိထားဆင်ခြင်နိုင်၏။

ရှေးအခါက သိဟိုဠ်ကျွန်း၌ မြေဘုတ်ဘီလူးပြိတ္တာမ တစ်ယောက်သည် သားငယ်နှစ်ယောက်နှင့်အတူ အစာရှာထွက်လာသည်၊ သားငယ်နှစ်ယောက်ကို ထူပါရုံဘုရား၏ တံခါးဝအနီး၌ ထားခဲ့ပြီး အနုရာဓမြို့တွင်းသို့ အစာရှာရန် ဝင်၏။

မိခင်ဘီလူးမ ထိုမြို့တွင်း ဝင်သွား၍ အတန်ကြာလာသည့်တိုင် ပြန်မပေါ်လာသောအခါ သားနှစ်ဦးမှာ **အလွန်**ဆာလောင်မွတ်သိပ်ခြင်း ဖြစ်လာကြသည်။ **ထိုစဉ် မထေရ်**ရဟန်းတစ်ပါး ကြွလာသည်ကိုမြင်ကြ၍– **'အရှင်ဘုရား၊** အကျွန်ုပ်တို့မိခင် မြို့တွင်းသို့ဝင်သွားတာ ကြာလှပါပြီ၊ အကျွန်ုပ်တို့ ဆာလှပါပြီ၊ ရသမျှအစားအစာကိုယူပြီး အမြန်ပြန်လာပါလို့ ပြောပေးပါ' ဟု ဆိုကြသည်၊ ထိုအခါ မထေရ်ရဟန်းက 'သင်တို့မိခင်ကို ငါဘယ်လိုသိနိုင်မလဲ' ဟု မေးရာ သားငယ်နှစ်ဦးက 'အရှင်ဘုရား၊ ဤဆေးမြစ်ကို ယူသွားပြီးကြည့်ပါ' ဟု ဆိုကာ ဆေးမြစ်ကို မထေရ်အားကပ်လှူ၏။ ထိုမထေရ်ရဟန်းသည် ဆေးမြစ်ကို ယူလိုက်မိသည်နှင့် တစ်ပြိုင်နက် ဘီလူးပြိတ္တာမြောက်မြားစွာတို့ ထင်မြင်လာရသည်။

ထိုမထေရ်ရဟန်းသည် မြေဘုတ်ပြိတ္တာငယ်လေးများ ပေးလိုက်သည့်ဆေးမြစ်ကို ယူဆောင်ကာ ကလေးများပြော သည့် အမှတ်အသားများကို သတိထားလျက် အနုရာဓမြို့ တွင်းသို့ ဝင်တော်မူသည်။ အညစ်အကြေး အစာအာဟာရများ ရှာဖွေနေသည့် ကြောက်မက်ဖွယ်အဆင်းရှိသော မိခင်ဘီလူးမ ကို မထေရ်ရဟန်း တွေ့မြင်ရသည်၊ သားငယ်များ မှာလိုက် သည့်အတိုင်း မထေရ်မြတ်က ဘီလူးမကိုပြောပြရာ 'အရှင် ဘုရား၊ အကျွန်ုပ်ကို ဘယ်လိုမြင်ရပါသလဲ' ဟု ဘီလူးမက မေး၏။ မထေရ်ရဟန်းက သားငယ်များပေးလိုက်သည့် ဆေးမြစ်ကြောင့် မြင်ရကြောင်းပြောကာ ဆေးမြစ်ကို ထုတ်ပြ ၏။ ဤတွင် ဘီလူးမသည် မထေရ်ရဟန်းပြနေသည့် ဆေးမြစ်ကိုလုယူကာ ထွက်ပြေးသွားလေ၏။ ဤအကြောင်း ကို မဇ္ဈိမ ပဏ္ဏာသ အဋ္ဌကထာ၌ ပြဆိုထားပါသည်။ ထို့ ကြောင့် လူ့ဝန်းကျင်၌ ဘီလူး, ပြိတ္တာ, တစ္ဆေတို့ သူ့နည်း သူ့ဟန်ဖြင့် လှုပ်ရှားသွားလာ ကျင်လည် ကျက်စားနေကြ သည်ကို ခန့်မှန်း ဆင်ခြင်ကြည့်နိုင်ပါသည်။

## ဘိလူးပြိတ္တာတို့ အကျွတ်ရနိုင်ပုံ

သံယုတ်ပါဠိတော်၊ သုတ်မဟာဝါအဋ္ဌကထာတို့၌ ပိဿကာရမာတာ ဘိလူးမအကြောင်း ဖော်ပြချက်ရှိသည်၊ ထိုဘီလူးမသည် အရှင်အနုရုဒ္ဓါမထေရ်မြတ် သာယာသော အသဖြင့် ရွတ်ဖတ်အပ်သည့် တရားတော်ကို နာယူရင်းမှာပင် သောတာပတ္တိဖိုလ် တည်ခဲ့လေသည်။

ထို့အတူပင် ပုနဗ္ဗသုမာတာ (သို့မဟုတ်) ဥတ္တရမာတာ ဘီလူးမသည်လည်း မြတ်စွာဘုရား၏ တရားသံကို ကြားနာရပြီး မိခင်ရော သားပုနဗ္ဗသုပါ အကျွတ်တရားရကာ နတ်စည်းစိမ်ကို ရပေသည်။ သမီးဥတ္တရာကား ငယ်လွန်းသေး၍ ဒေသနာ၏ သဘောအရသာကို မခံစားမသိရှိနိုင်ချေ၊ သို့သော် သူလည်း မိခင်ချမ်းသာသကဲ့သို့ ချမ်းသာရာရမည်သာဖြစ်၏။

## ဘီလူးပြိတ္တာတို့သေလျှင်

ထိုဘီလူး, ပြိတ္တာတို့သည်လည်း သေချိန်ကျလျှင် သေကြရသည်။ ဘီလူး, ပြိတ္တာ (တစ္ဆေ) တို့ သေသောအခါ၌ တိရစ္ဆာန်သေကောင်ဖန်ဆင်း၍ သေလေ့ရှိကြောင်း **မိလိန္ဒပဉှာ**၌ ပြဆိုချက်ရှိသည်။ အဆိုပါ ဘီလူးပြိတ္တာ (တစ္ဆေ)တို့သည် သေသောအခါ အပုပ်နံ့လည်း ထိုက်သင့်သလိုထွက်သည်၊ ဖောက်ပြန်ပျက်စီးနေသည့် ရုပ်ဒြပ်ကိုလည်း လူတို့မြင်ကြရမည်ဖြစ်၏။ သို့သော် သူတို့၏ သေနေသောပုံဟန်ကား သူတို့အသက်ရှင်စဉ်က ပုံသဏ္ဌာန်မျိုးမဟုတ်ဘဲ ပိုးနံ့ကောင်၊ ပိုးဟပ်၊ အိမ်မြှောင်၊ တက်တူ၊ ပင့်ကူ၊ ပုစွန်၊ ကင်းခြေများ စသည့် တိရစ္ဆာန်တို့၏ ပုံသဏ္ဌာန်မျိုး ဖန်ဆင်း၍ သေကြသည်ဟု ကျမ်း၌ ပြဆိုထားပါသတည်း။

* * * * *

# ကိုယ့်ကိုယ်ကို အထင်ကြီးသူတစ်ယောက်၏ သင်ခန်းစာယူစရာ ဖြစ်ရပ်တစ်ခု

အကြောင်းအရာအမျိုးမျိုး ရှုထောင့်အထွေထွေမှ ကြည့်မြင်သုံးသပ်စရာကောင်းသော'တရားကြောင်'တစ်ဦး၏ တစ်ဘဝနိဂုံးချုပ်သွားရပုံအကြောင်းကို တင်ပြလိုပါသည်။

အညာ၊ ကျေးလက်တောရွာတစ်ရွာ၌ ဖြစ်ပါသည်။

တောင်သူလယ်သမားအလုပ်ဖြင့် အသက်မွေးဝမ်းကျောင်းပြုသူတစ်ဦးသည် ညတစ်ညတွင် ကိုယ့်လည်ချောင်းကိုယ်ဓားဖြင့်လှီးဖောက်၍ သေဆုံးသွားခဲ့သည်။

ယင်းသို့ သေဆုံးသွားသူမှာ တစ်ချိန်သောအခါကမူ တကယ့်လူအေး လူရိုးတစ်ယောက်ဖြစ်သည်။ သမားရိုးကျ နေထိုင်လေ့ရှိသူတစ်ဦးဖြစ်သည်။ ဆန်းပြားစွာပြုမှု နေထိုင်လေ့မရှိချေ။ ဘာသာရေး, သာသနာရေးလုပ်ငန်းတို့၌လည်း

မှန်တန်းမျှလောက်သာ လုပ်ဆောင်လေ့ရှိသည်။ သို့သော် နောက်ပိုင်း အသက်အရွယ်ကြီးလာသောအခါ ဘာသာရေး တရားတို့၌ စူးစမ်းလာသည်။ အာရုံစိုက်လာသည်။ ဘာသာရေးဘက် အံရေးပေးလာသည်။ သူသည် နောက်တော့ လက်လှမ်းမီရာတရားသမားများနှင့် ပူးပေါင်းမိသွား၏။ လက်လှမ်းမီရာ တရားစာအုပ်များကိုလည်း ဖတ်ရှုလေ့လာမိ၏။ ထိုသို့ တရားနယ်ထဲကျင်လည်ရင်း ဆရာတစ်ဦးကို ချဉ်းကပ်မိသွားလေတော့သည်။ သူချဉ်းကပ်မိသောဆရာမှာ ပရိယတ္တိ စာပေအရာ၌ "ကြားဖူးနားဝ"ကို အခြေခံထားသောဆရာမျိုးဖြစ်သည်။ မှားသည်၊ မှန်သည်မသိဘဲ ရတတ်သမျှ စာတိုပေစကလေးများကို ကျက်မှတ်အာဂုံဆောင်ကာ အာဘောင်အာရင်းသန်နေသော ဆရာအမျိုးအစားကို သူ တွေ့ကြုံ ဆည်းကပ်မိခြင်း ဖြစ်ပါသည်။

ထိုဆရာ့ဩဝါဒကိုခံရင်း သူတရားအားထုတ်၏။ သူ အားထုတ်သောတရားမှာ ဝိပဿနာတရားမဟုတ်၊ သမထ ဟုဆိုပါသည်။ နည်းမှန်လမ်းကျအားထုတ်ပါက သမထလည်း ကောင်းကျိုးရှိသည်သာ ဖြစ်ပါ၏။ သမထအားထုတ်ရင်း ဝိပဿနာဘက်သို့ အာရုံယူကူးပြောင်းနိုင်ပါ၏။ သမထ

ကမ္မဋ္ဌာန်းကို ဘုရားရှင်ပယ်ကော်မမူသည့်အပြင် အားပေးတော်မူခဲ့ကြောင်း တွေ့နိုင်ပါသည်။

ထိုပုဂ္ဂိုလ်သည် သမထတရားအားထုတ်ခြင်းနှင့်အတူ ပုတီးများစွာစိပ်၏။ ပုတီးစိပ်ခြင်းမှာ သူ၏ ပဓာနအလုပ်ဖြစ်သည်။ ဤသို့ ပုတီးစိပ်ကာ သမထကမ္မဋ္ဌာန်းအားထုတ်ခြင်း အလုပ်၌ နှစ်အတန်ကြာလာသောအခါ သူ့ကိုယ်သူ အထင်ကြီးလာသည်။

တစ်နေ့တွင် သူသည် ဗုဒ္ဓ၏သာဝက ရဟန္တာမထေရ်ကြီးတစ်ပါး၏အကြောင်းပါသော စာအုပ်တစ်အုပ်ကို ဖတ်မိသွားသည်။ ဂေါဓိက ရဟန္တာမြတ်ကြီးအကြောင်းကို သူတွေ့ရခြင်းဖြစ်၏။ ဤ၌ ဂေါဓိကမထေရ်အကြောင်း အမြွက်မျှပြဆိုပါမည်။

ဗုဒ္ဓ သက်တော်ထင်ရှားရှိစဉ်က ဖြစ်သည်။

အရှင်ဂေါဓိကရဟန်းတော်သည် အသက်နှင့်ကိုယ်ခန္ဓာကို မငဲ့ကွက်ဘဲ မမေ့မလျော့ မပေါ့မဆသော သတိတရားဖြင့် တရားအလုပ်ကို ပြင်းစွာအားထုတ်နေသည်။ ယင်းသို့ အားထုတ်သောအခါ အရှင်ဂေါဓိကသည် လောကီဈာန်သမာပတ်သို့ကား ရောက်တော်မူခဲ့သည်။ သို့သော် အရှင်မြတ်သည် ဝေဒနာနှိပ်စက်မှုကြောင့် ဈာန်သမာပတ်မှ ခဏခဏ

လျှော့ကျနေသည်။ ခြောက်ကြိမ်တိုင် သမာပတ်ကိုရပြီးနောက် ခြောက်ကြိမ်တိုင် သမာပတ်မှလျှော့ကျခြင်းလည်းဖြစ်၏။ ထို့နောက် ခုနစ်ကြိမ်မြောက် ဈာန်သမာပတ်ကိုရလာသော အခါ၌ အရှင်မြတ်စဉ်းစားတော်မူသည်–

"ငါသည် ဈာန်လျှော့ကျစဉ် သေမည်ဆိုက **ဂတိမြဲမည်မဟုတ်၊** ဈာန်တရားရနေစဉ် သေရခြင်းမှာ **ဗြဟ္မာပြည်** လောက်တော့ ရောက်နိုင်သေး၏"

စသည်ဖြင့် စိတ်ကူးကြံစည် စဉ်းစားတော်မူ**ကာ အရှင်**မြတ်သည် ပက်လက် အိပ်တော်မူပြီး ဈာန်သမာပတ်ရနေစဉ် သူ၏လည်မျိုကို ဓားဖြင့်လှီးဖြတ်တော်မူသည်။ သို့လှီးဖြတ်စဉ် ဝေဒနာပြင်းထန်စွာ ခံစားရသော်လည်း အရှင်မြတ်သည် ဝေဒနာကိုလျစ်လျူရှု၍ နှလုံးသွင်းမြဲ ကမ္မဋ္ဌာန်းတရား၌ သတိကိုဖြစ်စေကာ ပြင်းပြင်းထန်ထန် ကြိုးစားအားထုတ် လိုက်ရာ "အရဟတ္တဖိုလ်ကိုလည်းရလျက် ပရိနိဗ္ဗာန်လည်း ပြုတော်မူရလေသည်။"

[သဂါထာဝဂ္ဂသံယုတ်၊ ပါ–၁၂၁၊ ဋ္ဌ–၁၆၈၊၉]

ဤသို့သော ရှေးဖြစ်ထုံးကိုဖတ်ရှုရသော ထိုပုဂ္ဂိုလ် သည် အားကျမှုဖြစ်သွားဟန်တူ၏။ ထိုစဉ်က သူ၏ပုတီးစိပ် ခြင်းနှင့်အတူ သမထလုပ်ငန်း၌ သူ့ကိုယ်သူ အတော်အားရ နေပြီဖြစ်သည်။ ထို့ပြင် အကြားအမြင်ရသလိုလိုလည်း သူ့


ကိုယ်သူ အမြင်ရောက်လာသည်။ နောက်ဆုံး၌ သူ့ကိုယ်သူ ရဟန္တာလောက် အထင်ရောက်သွားလေတော့သည်။ သူ့ကျင့်စဉ် သူ့လုပ်ငန်းကလေးကိုကြည့်လျက် အမြင်ငယ်သူ အချို့ကလည်း သူ့ကိုအထင်ကြီးကြသည်။ ရဟန္တာဟုလည်း ထင်ခဲ့ကြသည်။

တစ်နေ့သ၌ ထိုပုဂ္ဂိုလ်သည် အခြားသူများအိပ်နေစဉ် သူ့လည်ပင်းသူ ဓားနှင့်လှီးဖောက်ကာ သေဆုံးသွားခဲ့၏။ သူ့ကိုယ်သူတော့ မြတ်သောသေခြင်းဟု ယူဆသွားမည်သာ ဖြစ်သည်။ သူသည် အထက်ဖော်ပြပါ ဂေါဓိကမထေရ်ကို အတုခိုးခြင်း ဖြစ်ပါမည်။

ဤတွင် သူ့အပေါ် ကြည်ညိုနေကြသူအချို့ကတော့ သူ့ကို ချီးကျူးကြသည်။ တရားသဘော၏ အတိမ်အနက် စသည်ကို နားလည်ကြသူတွေကတော့ လူတစ်ယောက်၏ ဘဝ နစ်နာဆုံးရှုံးရရှာလေပြီဟု မှတ်ချက်ချကာ သံဝေဂ ရယူမိကြသည်။

ရဟန္တာ၏သဘောမှာ ကျယ်ပြော၏။ သိမ်မွေ့၏။ ရဟန္တာဟု သိနိုင်ရန် လွယ်ကူသည်မဟုတ်ချေ။ အထက် ဖော်ပြပါပုဂ္ဂိုလ်ကား သူ့အကျင့်သူအထင်ကြီးကာ ရှေးရဟန္တာကြီး၏ အဖြစ်မှန်ကို လွဲမှားစွာအတုယူလျက် ကိုယ့်ကိုကိုယ်

အဆုံးစီရင်သွားခဲ့ခြင်းဖြစ်သည်။ သူသေပြီးနောက် မကြာခင်ရက်များတွင် သူ့ကိုယ်ကောင်ကြီးမှ အပုပ်နံ့များထွက်လာတော့သည်။ နောက်တစ်ကိုယ်လုံး ရိရွဲပုပ်ပွလာသည်။ ဤတွင် ရဟန္တာဆိုသည်မှာ သေပြီးသော်လည်း ပုပ်သိုးခြင်းမရှိဟူသောသဘောကို နားလည်ကြသူအချို့က သူ့အဖြစ်ကို တွေးကာ သံဝေဂရကြသည်။ လွဲမှားစွာအတုယူတွေးခေါ်ခြင်း၊ ဆရာကိုးကွယ်မှုမှားခြင်း စသော အကြောင်းအချက်များမှာ လူတိုင်းလူတိုင်း သင်ခန်းစာရယူကြရမည့် အကြောင်းအချက်များပင် ဖြစ်ပါသတည်း။ ။



# အပေးအယူ

ပေးသူက ပေးသော်လည်း ယူသူကယူပါမှ၊ ယူလည်း ယူတတ်ပါမှရမည်။ **မယူလျှင်နှင့် မယူတတ်လျှင်** ရမည်မဟုတ်ချေ။

အပေးအယူသဘောတရားသည် ကျယ်ပြော၏။ ဘာသာရေး၊ လူမှုရေး တစ်နည်းအားဖြင့် လောကုတ္တရာရေးနှင့် လောကီရေးရှုထောင့်နှစ်ခုစလုံးမှ ကြည့်မြင်သုံးသပ်ရမည့် သဘောဖြစ်စဉ်ပေတည်း။

လောကီလူမှုကိစ္စတို့တွင် မိဘတို့၏ ကောင်းမြတ်သော ပစ္စည်းအမွေကို ကောင်းစွာခံယူနိုင်မှုမရှိခြင်း၊ မိဘတို့က ကောင်းမြတ်သော အစဉ်အလာ အမွေများပေးခဲ့ပါလျက် သား,သမီးတို့က လက်ခံမယူခြင်း၊ မယူတတ်ခြင်း၊ စီးပွားရေး လုပ်ငန်းတို့တွင် တစ်ယောက်၏ .ကောင်းမွန်မှန်ကန်သော နည်းပေးလမ်းညွှန်မှုကို တစ်ယောက်က မယူခြင်း၊ မယူတတ် ခြင်း စသည်ဖြင့် အပေးအယူ သဘောတရားကျယ်ပြောပုံကို မှန်းဆကြည့်နိုင်သည်။

မိဘဘိုးဘွား အစဉ်အဆက်ပေးခဲ့သော ကောင်းမွေကို ဆက်လက်မခံယူခဲ့၊ မခံယူတတ်သော ဝမ်းနည်းဖွယ်ရာ ဖြစ်ရပ်တစ်ခု တွေ့ကြုံဖူးပါသည်။ ထိုဖြစ်ရပ်မှာ ဆရာကိုးကွယ်မှားခြင်း၊ ယုံကြည်လွယ်ခြင်းမှ ပေါက်ဖွားလာသောဖြစ်ရပ်တစ်ခုပါတည်း။

မြို့ကြီးတစ်မြို့၌ဖြစ်သည်။

ဗုဒ္ဓဘာသာဝင်မိသားစုတစ်စု ရပ်ကွက်တစ်ခု၌ ပစ္စည်းဥစ္စာချမ်းသာကြွယ်ဝစွာဖြင့် နေထိုင်လျက်ရှိစဉ် တစ်နေ့သ၌ "နတ်ဆရာတစ်ဦး"နှင့် ကြုံဆုံရလေသည်။

ထိုနတ်ဆရာမှာ အတော် အထက်တန်းကျသည်ဟု နာမည်ကြီးသူဖြစ်လေသည်။ ဤသို့ဖြင့် အထက်ဖော်ပြပါ ဗုဒ္ဓဘာသာဝင်မိသားစုတွင် မိဘဖြစ်သူများက နတ်ဆရာထံ စီးပွားရေး၊ ကျန်းမာရေး စသည်တို့တွင် မေးမြန်းခြင်းပြုမိကြလေသည်။ နတ်ဆရာက အဟောထွက်သည်မှာ "သားများကို ရှင်မပြုရ၊ ရှင်ပြုခဲ့လျှင် အမိအဘနှစ်ဦးအနက် တစ်ဦးဦးပျက်စီးလိမ့်မည်"ဟု ဟောကိန်းထုတ်လိုက် လေသည်။

ယင်းသို့ ဟောကိန်းထုတ်လိုက်သောကြောင့် ထိုမိဘနှစ်ဦးသည် သားများအား ရှင်ပြုမပေးဘဲထားကြလေတော့သည်။ ဤသို့ဖြင့် ယင်းမိဘတို့သည် ရှေးကမိဘဘိုးဘွားတို့၏ ကောင်းမွေတစ်ရပ်ဖြစ်သော "သာသနာ့အမွေခံယူမှု" အစဉ်အလာကို ချိုးဖောက်ရာ ရောက်သွားလေတော့၏။ သားများအား ကုသိုလ်အမွေကိုလည်း မပေးဝေဘဲထားရာ ရောက်သွားလေတော့၏။

ထို့ပြင် ထိုမိဘတို့သည် တစ်ချိန်က သူတို့၏မိဘဘိုးဘွား ဆရာသမားတို့ပေးခဲ့သော ဩဝါဒများ၊ နည်းလမ်းညွှန်ကြားချက် အမွေကောင်းများကို လျစ်လျူရှုရာလည်း ရောက်လေတော့သည်။

ထို့ကြောင့် လောကီအမွေဖြစ်စေ၊ လောကုတ္တရာအမွေဖြစ်စေ ယူတတ်မှရသည်၊ မယူတတ်လျှင်မရ။

ဤမျက်မှောက်လောက၌ မိဘတို့၏ စည်းစိမ်ဥစ္စာလောကီရတနာအမွေများကို လက်ဝယ်ပိုင်ပိုင် ခံယူရရှိကြပြီးနောက် မထိုက်၍ မခံစားကြရသူတွေ၊ မထိုက်အောင်လည်းပြုသူတွေ၊ မိဘ၏အမွေနှင့် မတန်သူတွေ များစွာတွေ့ကြုံရဖူးလှပြီ၊ ထိုအတွေ့အကြုံဖြစ်ရပ်များအနက် ဤဒွိဖြစ်ရပ်တစ်ခုကို တင်ပြလိုပါသည်။

ရွာတစ်ရွာတွင် ကိုဖြူဆိုသော လူငယ်တစ်ဦးရှိပါသည်။ သူ၏အိမ်မှာ ရွာလယ်၌ တည်ရှိသည်။ သူ့မိဘများက

တောင်သူလောက၏ အနေအထားအရကြည့်လျှင် ရွာထဲ၌ ချမ်းသာသည်ဟု ဆိုရမည်။

ထိုစဉ်က ထိုရွာ၌ ပျဉ်ကာ, ပျဉ်ခင်း, သွပ်မိုးနိုင်သော အိမ်ဟူ၍ ခပ်ရှားရှားဖြစ်၏။ ထိုခပ်ရှားရှားထဲတွင် ကိုဖြူတို့ အိမ်လည်း တစ်အိမ်အပါအဝင်ဖြစ်သည်။ ကိုဖြူတို့အိမ်က ပျဉ်ထောင် ပျဉ်ခင်း သွပ်မိုးနှင့်ဖြစ်သည်။ သူတို့၌ လယ်မြေ ယာမြေတို့လည်း ပြည့်စုံစွာရှိနေသည်။ ထို့ပြင် ကိုဖြူသည် တစ်ဦးတည်းသော သားတစ်ယောက်ဖြစ်သည်။

အစကမူ– ကိုဖြူ လူကောင်းတစ်ယောက်သာ ဖြစ်၏။ ကိုဖြူ မကောင်းမှုအကုသိလ်တွေကို ရှောင်သည်၊ ရွာထဲ၌ နာမည်ပျက်ရှိသူ မဟုတ်ချေ။

ထိုရွာသို့ ကျွန်တော်မရောက်တာ အတော်ကြာခဲ့ပြီ. နောက်တစ်ခေါက်ပြန်အရောက်၌ကား– ကိုဖြူ၏သတင်းဆိုး များကြားရတော့၏။ ကိုဖြူဘိန်းစား၊ အရက်သောက်၊ ဖဲရိုက် သည် စသော သတင်းဆိုးများ ကြားရခြင်းပင်တည်း။

ထိုသတင်းများကြားရတော့ ကျွန်တော် အံ့ဩသည်။ လူ၏စိတ်သဘာဝကိုလည်း အံ့ဩသည်။ လောကဓံတရား တို့၏ ရိုက်ခတ်မှု သဘောကိုလည်း စဉ်းစားကြည့်မိ၏။ ပုထုဇဉ်လောက၏ ဖောက်ပြန်ပြောင်းလဲတတ်ပုံကိုလည်း သတိပြုဆင်ခြင်မိတော့၏။

နောက် ဆက်တိုက်ပင် သူ့သတင်းဆိုးတွေ ကြားရတော့၏။ မူးယစ်ဆေးဝါးခနှင့် ဖဲဖိုးငွေမရှိသောအခါ ပထမဆင့်အနေဖြင့် ရွှေ့ပြောင်းနိုင်သည့်ပစ္စည်းများဖြစ်သည့် လက်ဝတ်ရတနာတွေကို ရောင်းသည်။ ကျွဲနွားတွေကို ရောင်းသည်။ နောက် မပြောင်းရွှေ့နိုင်သည့် လယ်တွေ ကုန်းမြေတွေကိုရောင်း၏။ ထို့နောက်၌ကား အိမ်မှာမိုးထားသည့် သွပ်တွေကိုခွာရောင်း၏။ နောက်ဆုံး အိမ်ရော၊ အိမ်ခြံဝင်းပါရောင်းလိုက်တော့၏။ အားလုံး ဘာမှမရှိအောင် ရောင်းလိုက်သည်။ နောက်တော့... ရွာ့အရှေ့တောင်ထောင့်ရှိ သူ၏မရောင်းရသေးသော လက်ကျန်ယာမြေကွက်ကလေးမှာ တဲကလေးထိုးကာ သွားရောက်နေသည်။ ထိုစဉ်ခေတ် သက်ဆိုင်ရာလူကြီးများက အကြောင်းအမျိုးမျိုးကြောင့် ၎င်းနေရာ၌မနေစေဘဲ ရွာသို့လာရောက်နေထိုင်ရန် ညွှန်ကြားသည်။ ထို့ကြောင့် ကိုဖြူသည် ရွာ့အနောက်မြောက်ထောင့် တစ်နေရာတွင် တဲကလေးထိုး၍ နေထိုင်ခဲ့ရကြောင်း သိခဲ့ရသည်။

နောက်ဆုံးသတင်းမှာ ကိုဖြူသည် အဝေးတစ်နေရာသို့ ထွက်ခွာသွားကြောင်း သိရပေသည်။

ဤဖော်ပြပါဖြစ်ရပ်တွင် မိဘက သားအတွက် လောကီ အမွေများ ထိုက်တန်စွာပေးထားခဲ့သည်။ သားဖြစ်သူက ခံယူ၍မထားတတ်တော့ ဘာမှမကျန်အောင် ကုန်ဆုံး ပျက်စီး ရတော့သည်။ ပေးသူတို့က ပေးခဲ့ကြသည်။ ခံယူသူက ခံယူမထားတတ်တော့လည်း ပေးသူတွေ ဘာတတ်နိုင်ကြ မည်နည်း၊ လောက၌ ဤကဲ့သို့ပေးသည်ကို မယူတတ်သူတွေ ဒုနှင့်ဒေးရှိသည်။

ဤနေရာတွင် ဥပရိပဏ္ဏာသ၊ဂဏကမောဂ္ဂလ္လာန **သုတ်လာ** ဂဏကမောဂ္ဂလ္လာန ပုဏ္ဏားနှင့် ဘုရားရှင်တို့၏ အပြန်ပြန် အလှန်လှန် မေး–ဖြေကာ “အပေးအယူနှင့်ဆိုင်သော” ပြဿနာတစ်ခုဖြေရှင်းပုံကို ဖတ်ရှုသတိပြုဖွယ်ပင်ဖြစ်သည်။

ပုဏ္ဏား။ အိုး...အရှင်ဂေါတမ၊ အရှင်ဂေါတမ၏သြဝါဒခံ တပည့်များအားလုံးပင် နိဗ္ဗာန်ရကြပါသလား၊ အချို့မရဘဲကော ရှိကြပါသေးသလား။

ဗုဒ္ဓ။ အချို့ရ၏၊ အချို့မရ။

ပုဏ္ဏား။ အိုအရှင်ဂေါတမ... နိဗ္ဗာန်လည်း ထင်ရှား ရှိပါ၏။ နိဗ္ဗာန်ရောက်ကြောင်း လမ်းကောင်း သည်လည်း ထင်ရှားရှိပါ၏။ နည်းပေးလမ်းပြ တတ်သူ အရှင်ဂေါတမလည်း ရှိနေပါ၏။

သို့ပါလျှက် အဘယ့်ကြောင့် အချို့ရ၍၊ အချို့ မရဘဲ ဖြစ်ရပါသနည်း။

ဗုဒ္ဓ။ ပုဏ္ဏား... သင့်ကိုပင် ပြန်၍မေးဦးအံ့။ သင်ကြိုက် သလိုဖြေလော့...၊ သင်သည် ရာဇဂြိုဟ်သို့ သွားသောလမ်းကိုသိသလော။

ပုဏ္ဏား။ သိပါသည်ဘုရား။

ဗုဒ္ဓ။ လူတစ်ယောက်က သင့်အား ရာဇဂြိုဟ်သွား လမ်းကိုမေးလာရာ သင်က အမှန်အတိုင်း လမ်းညွှန်လိုက်သော်လည်း ထိုလူသည် သင် ညွှန်သည့်လမ်းအတိုင်းမသွားဘဲ လမ်းလွဲကို လိုက်ကာ နောက်သို့ ပြန်ရောက်လာရာ၏။ နောက်တစ်ယောက်ကိုလည်း သင်သည် လမ်း ညွှန်လိုက်ရာ သင်ညွှန်သည့်အတိုင်း လမ်းမှန် ကိုသွားသဖြင့် ရာဇဂြိုဟ်သို့ ဆိုက်ဆိုက် မြိုက်မြိုက် ရောက်လာရာ၏။ ပုဏ္ဏား- ရာဇဂြိုဟ် လည်း အထင်အရှားရှိ၏။ ရာဇဂြိုဟ်သို့သွားရန် လမ်းလည်းရှိ၏။ လမ်းညွှန်သူသင်လဲပဲ ရှိနေ ၏။ သို့ဖြစ်လျက် တစ်ယောက်မှာ ရာဇဂြိုဟ်သို့

ရောက်၍ တစ်ယောက်မှာ ရာဇဂြိုဟ်သို့ မရောက်ရခြင်းကား ဘာကြောင့်နည်း။

ပုဏ္ဏား။ အရှင်ဂေါတမ... တပည့်တော် ဘာတတ်နိုင်မည်နည်း။ တပည့်တော်ကား လမ်းညွှန်သူသာ ဖြစ်ပါသည်။

ဗုဒ္ဓ။ ပုဏ္ဏား... နိဗ္ဗာန်လည်း ထင်ရှားရှိ၏၊ နိဗ္ဗာန်ရောက်ကြောင်းလမ်းကောင်းသည်လည်းထင်ရှားရှိ၏။ နည်းပေးလမ်းပြသူ ငါဘုရားလည်း ရှိနေ၏။ သို့ပါလျက် အချို့နိဗ္ဗာန်ရကြ၏။ အချို့မရ။ ဤအရာ၌ ငါဘုရား ဘာတတ်နိုင်မည်နည်း။ ငါဘုရားကား... နည်းပေး လမ်းညွှန်သူသာ ဖြစ်ပေသည်။ ။

# လူ့ဝန်းကျင်မှာ နာမည်ကြီးသည့်
# သိကြားမင်း

သိကြားမင်းသည် နတ်ပြည် နတ်လောက၌လည်း နာမည်ကြီးသလို လူ့ပြည် လူ့လောက လူ့ဝန်းကျင်မှာလည်း နာမည်ကြီးသူဖြစ်သည်။ ကောင်းတာတွေရော၊ မကောင်းတာတွေပါ စုပြုံ၍ နာမည်ကြီးလေသည်။

တစ်ခါတစ်ရံ ဤလူ့လောက၌ လူစသော သက်ရှိသတ္တဝါတစ်ဦးဦး မိုးကြိုးပစ်ခံရသဖြင့် သေဆုံးရတတ်သည်များ ရှိပေသည်။ ထိုအခါ အချို့က သိကြားမင်းသည် ဝရဇိန်လက်နက်ဖြင့် ပစ်ခွင်းသည်ဟု ဆိုကြပြန်၏။ သိကြားမင်းခမျာ လူသတ်သမားဘဝသို့ ရောက်ရှိသွားရပြန်၏။ တစ်ခါတစ်ရံကျပြန်တော့လည်း အချို့က 'ဘုရားသိကြားမ–လို့' ဟု ဆိုကာ ဘုရားနှင့်အတူ သိကြားကို တ, ကြပြန်၏။ ထိုအချိန်မျိုး၌ကား သိကြားမင်းခမျာ လူတို့၏ ကိုးစားရာ အနေအထားသို့ ရောက်ရပြန်တော့၏။

ဤတွင် သိကြားမင်းနှင့် လူ့လောက ဘယ်လိုဆက်နွှယ်နေသည်၊ လူ့ဝန်းကျင်၌ သိကြားမင်း၏ အခန်းကဏ္ဍ၊

မိုးကြိုးပစ်ခြင်းနှင့် သိကြားမင်း ဘယ်လိုဆက်စပ်သည့် စသည် စသည်များကို သိရှိဖို့ သိကြားမင်းအကြောင်း သိကောင်းစရာကို ရေးသားတင်ပြလိုပေသည်။

လူ့ဝန်းကျင်၊ လူ့လောက၌ အကောင်းထင်, အဆိုးထင် ထင်ခံနေရသည့် သိကြားမင်း ...ဟုတ်တာတွေရော၊ မဟုတ်တာတွေရော သောင်းပြောင်းထင်ကြေးပေးခံနေရသည့် သိကြားမင်း ...။ ဤသိကြားမင်းအကြောင်းကို ဤဆောင်းပါးဖြင့် လိုရင်းအချက်များ ရှင်းနိုင်သမျှ ရှင်းအောင် တင်ပြလိုက်ပါသည်။

သိကြားမင်းသည် နတ်ပြည်ခြောက်ထပ်လုံးကို အုပ်စိုးသူ၊ အစိုးရသူ မဟုတ်ပါ၊ တာဝတိံသာ နတ်ပြည်နှင့် စတုမဟာရာဇ်နတ်ပြည်ဟူသော နတ်ပြည်နှစ်ပြည်ကိုသာ အုပ်စိုးသူ၊ အစိုးရသူ ဖြစ်ပါသည်။ (မူလပဏ္ဏာသ၊ ၄၊ ဒု။ ဝိမာန ဝတ္ထု အဋ္ဌကထာနှင့် ဗုဒ္ဓဝံသ၊ ၄)

## သိကြား-ဗြဟ္မာ-နတ်ဒေဝါများရှိပုံ

အချို့သောသူများက သိကြား, ဗြဟ္မာ နတ်ဒေဝါများ ရှိသည်ဆိုသောအချက်ကို လက်မခံနိုင်၊ မယုံကြည်နိုင်ကြပေ၊ မျက်စိဖြင့် မမြင်ရ၍ လက်မခံ, မယုံကြည်နိုင်ကြခြင်း ဖြစ်သည်။

သိကြား၊ ဗြဟ္မာ စသော သက်ရှိသတ္တဝါတို့ကား လူသားများကဲ့သို့ ရုပ်ကြမ်း ကိုယ်ခြပ်များ မဟုတ်ကြပါ၊ အလွန် သိမ်မွေ့နူးညံ့သော ရုပ် ကိုယ် ခြပ် ပိုင်ရှင်များ ဖြစ်ကြပါ၏။ ဗြဟ္မာ့ပြည်၌ဆိုလျှင် ဘုန်းတန်ခိုးကြီးသော ဗြဟ္မာကြီးများကို လက်ပါးစေ ဗြဟ္မာငယ်များက (ဝါ) အထက်တန်း ဗြဟ္မာများကို အောက်တန်း ဗြဟ္မာများက မမြင်နိုင်ကြောင်း ကျမ်းဂန်၌ လာရှိပေသည်။ ဤသို့ဖြင့် ဗြဟ္မာအချင်းချင်း၌ ဤမျှကွာဟချက်များ ရှိနေလျှင် ထို အလွန်နူးညံ့သိမ်မေ့သော ရုပ်ပိုင်ရှင်များဖြစ်ကြသည့် နတ် ဗြဟ္မာတို့အား ပုထုဇဉ်လူသားတို့က အဘယ်မှာ မြင်နိုင်ဖွယ်ရှိမည်နည်း၊ စဉ်းစားကြည့်ရန်ပင် ဖြစ်၏။

ယနေ့ သိပ္ပံပညာ၏ သဘောတရားအရ လေဟာပြင် (လေထု) ကြီးအတွင်း၌ ရုပ်ခြပ်များ၊ ရုပ်ဝတ္ထုများ တည်ရှိနေကြသည်ဟု သိရ၏။ ထိုရုပ်ဝတ္ထုများ၊ ရုပ်ခြပ်များကို လူတို့ သာမန်မျက်စိဖြင့် မြင်ကြရပါသလော၊ အလွန်နူးညံ့သိမ်မွေ့သော ရုပ်ဝတ္ထုများဖြစ်ကြ၍ မမြင်ကြရပါ၊ မမြင်နိုင်ကြပါ၊ ထိုရုပ်ဝတ္ထု၊ ရုပ်ခြပ်များကို သိပ္ပံပညာရပ်ဆိုင်ရာ ကိရိယာများဖြင့် တိုင်းတာကြည့်ရှုမှ မြင်နိုင်၊ သိနိုင်ပါသည်။ ထို့အတူပင် နတ်ဗြဟ္မာတို့၏ ရုပ်ခြပ်များကိုလည်း 'ဒိဗ္ဗစက္ခု'

ကဲ့သို့သော အမြင်မျိုးကို ပိုင်ဆိုင်ရရှိကြသူများမှသာ မြင်တွေ့နိုင်ပါသည်၊ လူတို့၏ သာမန်မျက်စိဖြင့် ကြည့်မြင်၍ မရနိုင်ပါချေ။ ယနေ့ သိပ္ပံပညာရှင်များက ဤစကြဝဠာ၊ ဤလူ့လောကကြီးသာမကဘဲ အာကာသကောင်းကင်ပြင်ကြီး၌လည်း သက်ရှိများနေထိုင်ရာ စကြဝဠာလောကများ ရှိနေကြောင်း ထုတ်ဖော်ပြောကြားနိုင်ကြပြီ ဖြစ်၏။ ဤသို့ဖြင့် နတ်, သိကြား, ဗြဟ္မာ စသော သက်ရှိတို့၏ တိုင်းပြည်၊ ဘုံဗိမာန်များ တည်ရှိ၊ မရှိကို တွေးဆစဉ်းစားကြည့်သင့်၏။

## သိကြားမင်း၏အမည်

သိကြားမင်းသည် အမည်နာမပေါင်း မြောက်များစွာကို ပိုင်ဆိုင်သူဖြစ်သည်။ အဘိဓာန်ကျမ်းတွင် သိကြားမင်း၏ ဝေါဟာရ (အမည်နာမ) ပေါင်း (၂၀) မျှအထိ အရေအတွက်ပြဆိုလျက် ရှိပါသည်။ `သဂါထာဝဂ္ဂသံယုတ်၊ သက္ကနာမသုတ်တွင်လည်း ၎င်းသိကြားမင်း၏ အမည်များကို ဘုရားရှင် ထုတ်ဖော်ဟောကြားတော် မူခဲ့ပါသေးသည်။ သိကြားမင်းဖြစ်လိုသူတို့ ကျင့်ဆောင်ရမည့် အချက်များကိုလည်း ဘုရားရှင်သည် သဂါထာဝဂ္ဂသံယုတ်တွင် ဟောတော်မူခဲ့ပါသည်။

## သိကြားသာသနာ ရှိပါသလော

သိကြားမင်းနှင့်စပ်လျဉ်း၍ 'အခုရှိနေတဲ့ သိကြားမင်းက ဘုရားလက်ထက်တော်က ရှိခဲ့တဲ့ သိကြားမင်းနဲ့ အတူတူပဲလား' ဟူသော မေးခွန်းမျိုး မေးတတ်ကြ၏။ သိကြားမင်း၏ အကြောင်းများထဲ၌ ယင်းအကြောင်းခြင်းရာတစ်ရပ်သည်လည်း မေးမြန်းဆွေးနွေးစရာပင် ဖြစ်ပါသည်။ ယင်းအကြောင်းနှင့် စပ်လျဉ်း၍ သက္ကပဉှသုတ်တော်ကို လေ့လာသင့်ပါသည်။

ဤယခုထင်ရှားရှိနေသော သိကြားမင်းသည် ဘုရားလက်ထက်တော်က သိကြားမင်းပင် ဖြစ်ပါသည်။ သို့ရာတွင် ဤသိကြားသည် သိကြားဟောင်းမဟုတ်၊သိကြားသစ် ဖြစ်ပါသည်။ မြတ်စွာဘုရား တရားတော်ကို နာယူနေရင်း မူလသိကြား ဘဝတစ်ခုမှ စုတေ, ကွယ်လွန်ကာ နောက်သိကြားဘဝအဖြစ်ပင် ချက်ချင်း ပြန်ဖြစ်ခဲ့ပါသည်။

ထို့ကြောင့် ယခုရှိနေသော သိကြားသည် သိကြားတစ်ဦးတည်းပင် ဖြစ်သော်လည်း ပထမဘဝမှ ဒုတိယဘဝသို့ ပြောင်းလဲလာသော သိကြားသစ်ဖြစ်ပါသည်။ မြတ်စွာဘုရားရှေ့မှောက်တွင် ဘဝပြောင်းခြင်း၊ ဖြစ်ခြင်း နှစ်မျိုးရရှိသူ ဖြစ်ပါသည်။

ထိုသိကြားမင်းသည်သောတာပန်တည်ပြီးသူ ဖြစ်၏။ အပါယ်လားရန် အကြောင်း မရှိတော့သလို- အပါယ်ရောက်ကြောင်းမကောင်းမှု အကုသိုလ်တို့ကိုလည်း မပြုလုပ်တော့ပါ၊ ထိုကြောင့် မြန်မာတို့သိကြားမင်းကို နေရာပေးခြင်းမှာ ပေးထိုက်သည်သာဖြစ်ပါ၏။ သို့ရာတွင် သိကြားမင်းနှင့် စပ်လျဉ်း၍ တွေးခေါ် ယူဆချက် မှားယွင်းမှုများကို တွေ့မြင်ကြားသိနေကြရပေသည်။ ဤ၌ ရှင်းလင်းတင်ပြပါမည်။

ဗုဒ္ဓသာသနာသည် အနှစ် (၅၀၀၀) ငါးထောင်တည်မည်ဟု ဆိုကြပါ၏။ ထိုသာသနာ နှစ်ပေါင်း (၅၀၀၀) ငါးထောင်တွင် နှစ်ပေါင်း (၂၅၀၀)နှစ်ထောင့်ငါးရာသည် (သာသနာနှစ်တစ်ဝက်သည်) ဘုရားသာသနာဖြစ်၍ ကျန်နှစ်ပေါင်း (၂၅၀၀) နှစ်ပေါင်းနှစ်ထောင့်ငါးရာသည် သိကြားသာသနာဖြစ်သည်ဟု ယူဆနေကြသည်။ ဤယူဆချက်သည် အလွန်မှားသော ယူဆချက်ဖြစ်ပေသည်။

အကယ်၍ နောက်ပိုင်းသာသနာနှစ်ပေါင်း (၂၅၀၀) နှစ်ထောင့်ငါးရာသည် သိကြားသာသနာ ဖြစ်ပါမူ ယခုသာသနာတော်နှစ်ပေါင်းသည် (၂၅၃၉)နှစ်သို့ပင် ရောက်နေပြီဖြစ်ရာ ဤအချိန်ကို ဘုရားသာသနာကုန်ပြီ၊ သိကြားသာသနာရောက်နေပြီဟု ဆိုရန်ရှိပါတော့၏။ အမှန်မှာ ထိုသို့မဟုတ်ပါ၊ ဤသာသနာတော်သည် ဘုရားသာသနာတော်သာ ဖြစ်ပါ

သည်။ သိကြားသာသနာဟူ၍ လုံးဝမရှိပါ၊ သိကြားသာသနာဟူ၍လည်း ဘုရားဟောကျမ်းဂန်၌ မလာရှိပါ၊ သို့ရာတွင် ဘုရားဟောကျမ်းဂန်၌လာရှိသော စကားရပ်အချို့ကို အဓိပ္ပါယ် အကောက် လွဲမှားခဲ့ကြပြီး ပုံကြီးချဲ့ခဲ့ကြသဖြင့် သိကြားသာသနာဟူသောစကား ဖြစ်ပေါ်လာရခြင်း ဖြစ်ပါသည်။

သို့သော် ကဿပမြတ်စွာဘုရားရှင် သာသနာတော် နောက်ပိုင်းတွင် သိကြားမင်းက တရားပျက်သူ လူတို့အား သတိသံဝေဂရကာ မကောင်းမှုများရှောင်ဖို့စောင့်ရှောက်သည့် ထုံး၊ သာဓကများ ရှိခဲ့ဖူးပါသည်၊ ယင်းသို့သော သဘောမျိုးကိုမူ ဤသိကြားမင်းကလည်း နောက်ပိုင်းတွင် စောင့်ရှောက်ကောင်း စောင့်ရှောက်ဖွယ်ရှိပါ၏။ တရားသေတော့ ပြော၍ မရပါ။

ပိဋကတ်တော်, အဋ္ဌကထာများအရ ဘုရားရှင်က သိကြားမင်းအား 'နောက်ပိုင်းသာသနာ (၂၅၀၀) နှစ်ထောင့် ငါးရာကို သိကြားမင်းအား ငါအပ်နှင်းသည်၊ သင်အုပ်စိုးရစ်လော့' ဟူသော သဘောမျိုး မှာထားချက်မရှိပါချေ၊ လတ်တလောဖြစ်ပေါ်နေသော အကြောင်းခြင်းရာတစ်ခုနှင့် ဆက်စပ်၍ ဘုရားရှင်က သိကြားမင်းအား သာသနာတော် အတွက် ကူညီရန် တရားဟောခဲ့ခြင်းမျိုးတော့ ရှိခဲ့ပါ၏။

သိကြားမင်းကလည်း ကူညီရန်ကို ဝန်ခံကြောင်း ကျမ်း၌ ဆိုပါသည်။ သာသနာတစ်ရပ်လုံး သိကြားမင်းအားအပ်နှင်းခဲ့သည် မဟုတ်ပါချေ။ (မူလပဏ္ဏာသ၊ သစ္စကသုတ် အဋ္ဌကထာ၊ ဝိနယပိဋက၊ ပါရာဇိက အဋ္ဌကထာ၊ ဒီဃနိကာယ သီလက္ခန္ဓဝဂ္ဂဋ္ဌကထာ)

သိကြားမင်းနှင့်စပ်၍ ယနေ့လူများစု ယူဆနေကြသည်များထဲ၌ သိကြားမင်းသည် ဘုရားရှင်ထံ ကတိခံထားသည်နှင့် အညီ 'မကောင်းသူပယ်- ကောင်းသူကယ်' စကားအရ 'မကောင်းသူများအား ဝရဇိန်လက်နက်ဖြင့် အသေပစ်ခွင်းလိမ့်မည်'ဟူသော ယူဆချက်လည်း ပါဝင်နေပေရာ ယင်းယူဆချက်မှာ အလွန်လွဲမှားသော ယုံကြည်-ယူဆချက် ဖြစ်ပါသည်။

ယင်းယုံကြည်-ယူဆချက် စကားရပ်တို့မှာ သိကြားမင်း၏ ဂုဏ်သိက္ခာ-ဗုဒ္ဓတရားတော်၏ အနှစ်သဘောများကို တကယ်သတိမမူဘဲ ယုံကြည် ယူဆပြောဆိုကြသော ဝမ်းနည်းစရာသဘောများ ဖြစ်ပါသည်၊ သိကြားမင်းသည် သူ့ဂုဏ်သိက္ခာ သူ့အဆင့်အတန်းနှင့်သူ ရှိနေပါသည်။ ၎င်းသိကြားမင်းသည် သောတာပန်ကြီး ဖြစ်ပါသည်။ ဗုဒ္ဓတရားတော်အရ သောတာပန်သည် လူသတ်မှုကို ကျူးလွန်ပါမည်လော၊ စဉ်းစားသင့်ပါ၏။ သောတာပန်သည် လူ

သတ်မှု ကို မကျူးလွန်တော့ပါ၊ လူကိုသာမကဘဲ မည်သူ့အသက်ကိုမျှ မသတ်ဖြတ်တော့ပါ၊ သို့ဖြစ်ပါ၍ သောတာပန်ကြီးဖြစ်သော သိကြားမင်းက ဆိုးသွမ်းသူ- မကောင်းသူတို့အား ဝရဇိန်လက်နက်၊ မိုးကြိုးစက်ဖြင့် အသေပစ်ခွင်းမည်ဟူသော စကားမှာ ဗုဒ္ဓတရားတော်အရ အလွန်မှားယွင်းနေကြောင်း သိသာလှတော့သည်။

သိကြားမင်းသည် နတ်ပြည်ခြောက်ထပ်အနက် တာဝတိံသာနတ်ပြည်တွင် နန်းစိုက်သူ ဖြစ်ပါသည်။ လူ့ပြည်အရေအတွက်အားဖြင့် ဗုဒ္ဓပရိနိဗ္ဗာန်စံလွန်တော်မူသည်မှာ ကြာခဲ့ပြီ၊ နှစ်ပေါင်း (၂၅၀၀) ကျော်ခဲ့ပြီ ဖြစ်သော်လည်း နတ်တို့အရေအတွက်ဖြင့်ကား - ဗုဒ္ဓပရိနိဗ္ဗာန်စံတော်မူပြီးသည်မှာ လပိုင်းလောက်မျှသာ ရှိနေပါသေးသည်။

လူ့သက်တမ်း အနှစ် (၁၀၀)သည် သိကြားမင်းစံရာ တာဝတိံသာ နတ်တို့အရေအတွက်အားဖြင့် တစ်ရက်မျှသာ ရှိပေသည်။ သို့ဖြစ်ပေရာ ဘုရားပရိနိဗ္ဗာန်စံပြီးသော လူ့အရေအတွက် နှစ်ပေါင်း (၂၅၃၈-၃၉) နှစ်သည် ထိုတာဝတိံသာ နတ်တို့ အရေအတွက်ဖြင့်ကြည့်ပါက ရက်ပေါင်း (၃၅/၃၆)ရက်ခန့်မျှသာ ရှိပေသေးသည်။ နတ်မျိုးအားလုံးသည် နတ်တို့ သက်တမ်းများအရ သက်တမ်းပြည့် နေထိုင်သွား

ကြရပါမူ သူတို့သည် နောင်ပွင့်မည့် အရိမေတ္တေယျဘုရားရှင် သာသနာတော်ကိုပင် ကြုံဆုံနိုင်ကြပေသည်။ နောင်ပွင့်မည့် အရိမေတ္တေယျဘုရားကို လူ့ဘဝကစောင့်လျှင် ဘဝပေါင်း များစွာစောင့်ကြ ရ ဦးမည်ဖြစ်သော်လည်း နတ်ပြည်တို့မှ စောင့်ကြရပါမူကား ဘာမျှ မကြာတော့ပါ၊ အရိမေတ္တေယျ ဘုရားပွင့်ဖို့ နီးနေပြီဖြစ်ပါသည်။ သိကြားမင်းသည်လည်း နတ်မျိုးဖြစ်၍ သက်တမ်းရှည်ကြာစွာ နေရသူပင်ဖြစ်ပါသည်။

## မြန်မာ့သင်္ကြန်နှင့် သိကြားမင်း

ဤနေရာတွင် မြန်မာ့သင်္ကြန်နှင့် သိကြားမင်းတို့ ဆက်နွယ်ပုံအကြောင်းကို တင်ပြလိုပါသေးသည်။

မြန်မာတို့သည် နှစ်သစ်ကူးတိုင်း, သင်္ကြန်ကျတိုင်း သိကြားမင်း လူပြည်သို့ဆင်းသည်ဟု ယုံကြည်ယူဆကြ ပါသည်။ ယင်းယုံကြည်ချက်သည် အစဉ်အလာ ကြီးမား နေပြီဖြစ်သော ယုံကြည်ယူဆချက်တစ်ခုဖြစ်နေပါပြီ၊ သို့ရာတွင် ဗုဒ္ဓဝါဒရှုထောင့်မှ ကြည့်မြင်ကာ သုံးသပ်မည် ဆိုပါက မြန်မာသင်္ကြန်ကျတိုင်း သိကြားမင်း လူ့ပြည်သို့ဆင်းသည် ဆိုသော စကားမှာ ယုတ္တိမတန်အောင်ပင် ရှိနေပါတော့၏။

လူ့အရေအတွက်နှစ်ပေါင်း (၁၀၀) သည် တာဝတိံသာနတ်တို့ အရေအတွက်အားဖြင့် တစ်ရက်ဟုဆိုပေရာ လူတို့တစ်နှစ်သည် တာဝတိံသာနတ်တို့ အရေအတွက်အားဖြင့် မိနစ်ပိုင်းကာလမျှသာရှိပေရာ- သိကြားမင်းခများ မြန်မာတို့နှစ်ပတ်လည်တိုင်း သင်္ကြန်ကျတိုင်း လူ့ပြည်လာရမည်ဆိုလျှင် ခဏခဏ လူ့ပြည်သို့ သက်ဆင်းနေရပေမည်။ သူ့အလုပ်ကိစ္စများကိုပင် လုပ်ချိန်မရနိုင်အောင်ရှိနေမည်ကို စဉ်းစားကြည့်ရာ၏။ သို့ဖြစ်၍ မြန်မာသင်္ကြန်ကျတိုင်း သိကြားမင်းလူ့ပြည်သို့ ဆင်းသည်ဆိုသော အယူမှာ မိမိတို့ ဗုဒ္ဓဝါဒမှ ဆင်းသက်လာသော အယူအဆမဟုတ်နိုင်ကြောင်း ကောင်းစွာသတိပြုသင့်၏။

## ဝရဇိန်လက်နက်သည် မိုးကြိုးစက်လော့

သိကြားမင်းသည် ဝရဇိန်လက်နက်ကို ကိုင်ဆောင်သည်ကား အမှန်ပင်ဖြစ်ကြောင်း ကျမ်းဂန်လာစကားများအရ အတည်ပြုရမည်ဖြစ်ပါသည်။ သိကြားမင်း၏ အမည်ဝေါဟာရ (၂၀)တွင် 'ဝဇိရ- ဝရဇိန်လက်နက် ကိုင်ဆောင်သူ' ဟူ၍ပင်ပါရှိနေပေရာ၊ သိကြားမင်းဝရဇိန်လက်နက် ကိုင်ဆောင်သည်မှာ မှန်သည်ဟုဆိုရပါလိမ့်မည်။ သို့ရာတွင် ဆိုးသွမ်းသူ-

မကောင်းသူများအား သိကြားမင်းက ဝရဇိန်လက်နက်ဖြင့် အသေပစ်ခွင်းသည်ဟူသော စကားကိုကား–ဗုဒ္ဓဒေသနာတော်များအရ ဘယ်နည်းနှင့်မျှ လက်မခံအပ်– မယုံကြည်အပ်ပါပေ။

မိုးကြိုးပစ်ခြင်း– လောင်မီးကျခြင်းကို သိကြားမင်းက ဝရဇိန်လက်နက်ဖြင့်ပစ်ခွင်းခြင်းဟု ယူဆပြောဆိုနေကြပါသည်။ မိုးကြိုးပစ်ခြင်းမှာ ဓာတ်သဘာဝတို့၏ ဖောက်ပြန်မှုကြောင့် ဖြစ်ကြောင်း သိပ္ပံစာပေများ၌ လေ့လာဖတ်ရှုရခြင်းဖြင့် သိရှိနားလည်နိုင်ကြပါသည်။

အချို့အရပ်ဒေသများ၌ ဘုရားပုထိုးများ၊ လှူသူတော်ကောင်းများ မိုးကြိုးပစ်ခံရကြောင်း ကြားသိရတတ်၏။ ဘယ်လိုစဉ်းစားကြမည်နည်း၊ ဗုဒ္ဓဘာသာဝင် သောတာပန် သိကြားမင်းသည် ဘုရားပုထိုး– လှူသူတော်စင် စသူတို့အား အဘယ်ကြောင့် ဝရဇိန်လက်နက်ဖြင့် ပစ်ခွင်းရပါ သနည်းဟု စဉ်းစားရပေမည်၊ သိကြားမင်းနှင့် မဆိုင်ပါ၊ ဓာတ်သဘာဝတို့၏ ဖောက်ပြန်မှုကြောင့်သာ ဘုရားပုထိုး စသည်တို့အပေါ် မိုးကြိုး ကျရောက်ရခြင်း ဖြစ်ပါသည်။ သောတာပန် သိကြားမင်းက ဤမျှလောက်မိုက်ကန်းပါမည်လား၊ စဉ်စားကြည့်သင့်၏။

ထိုပြင်သိကြားမင်းသည် သည်းခံခြင်း သဘောတရားရှိသူလည်း ဖြစ်ပါသည်။ အသုရာနှင့် တာဝတိံသာနတ်တို့

စစ်ပွဲဆင်နွှဲကြရာတွင် သိကြားမင်းသည် တာဝတိံသာနတ်တို့၏ အကြီးအမှူးခေါင်းဆောင်တစ်ဦးဖြစ်ပေသည်။ အသုရာမင်းနှင့် စကားစစ်ထိုးရာတွင် သိကြားမင်းသည် သည်းခံခြင်းတရားကို အခြေခံပြောခဲ့၍ အောင်မြင်မှုရခဲ့ပေသည်။ ဤသို့ဖြင့် သိကြားမင်းသည် သည်းခံတတ်သူ ဖြစ်သည့်ပြင် သည်းခံခြင်းတရား၌ မွေ့လျော်သူလည်းဖြစ်ပါသည်။ သည်းခံခြင်းတရားကို ချီးမွမ်းသူလည်း ဖြစ်ပါသည်။ သို့ဖြစ်၍ သိကြားမင်းသည် သက်ရှိ–သက်မဲ့တို့အား ဝရဇိန်လက်နက်၊ မိုးကြိုးစက်ဖြင့် ပစ်ခွင်းသည် ဟူသော စကားမှာ ယုံတမ်းစကားမျှသာ ဖြစ်ပါတော့သည်။

အချုပ်အားဖြင့် ဆိုရသော် သိကြားမင်းသည် သောတာပန် သူတော်ကောင်းကြီးတစ်ဦး ဖြစ်သည်။ သို့ရာတွင် သူသည် ရဟန်းသာမဏေများကဲ့သို့ သာသနာတွင်းသား မဟုတ်ပါ။ ထို့ကြောင့် သူသည် ဗုဒ္ဓ သာသနာကို ပြုစုရာတွင် ရဟန်းသာမဏေများလောက် ပဓာနမကျသည့်အပြင် လူဥပါသကာ–ဥပါသိကာမများထက် မထူးခြားနိုင်ပါ၊ ဤသာသနာတော် အရှည်တည်တံ့ပြန့်ပွား ရန်မှာ ရဟန်း၊ သံဃာတော်များ၌ များစွာ တည်လျက်ရှိပါသည်။

သို့ရာတွင် သိကြားမင်းသည်လည်း သောတာပန် တစ်ဦးဖြစ်သည်အားလျော်စွာ ဤဗုဒ္ဓသာသနာတော်ကို သူတတ်စွမ်းသမျှနည်းဖြင့် ကူညီမည်မှာကား– မငြင်းနိုင်ပါချေ၊ လူဥပါသကာ သူတော်စင်များ သာသနာပြုကြသည်များနှင့် နှိုင်းစာယှဉ်တွဲကြည့်သင့်၏။

ဤသို့ဖြင့် ဤရောက်ဆဲသာသနာတော်သည် သိကြား သာသနာမဟုတ်ဘဲ ဗုဒ္ဓသာသနာတော်အစစ်သာ ဖြစ်ပေ သည်။ သိကြားသာသနာဟူ၍လည်း မရှိချေ၊ သိကြားမင်း ကလည်း ဤသာသနာတော်အား သူ့သာသနာဟူ၍ ဘယ် တုန်းကမျှ မပြောခဲ့ချေ။ လူများကသာ သိကြားသာသနာဟု အမည်ကင်ပွန်းတပ်ပေးကြခြင်း ဖြစ်ပေသည်။

သိကြားမင်းမှာ တရားနှင့်အညီ နေထိုင်သူဖြစ်သည့် အပြင် သောတာပန်ကြီးတစ်ဦးလည်း ဖြစ်နေလင့်စကား အကျင့်သီလ ကောင်းသော လူသားတို့အား လေးစားသူ ဖြစ်ပါသည်။ တရားနှင့်အညီ နေထိုင်သူ–မိဘကိုလုပ်ကျွေးသူ စသော အကျင့်ကောင်းရှိသူ လူသားတို့အား သိကြားမင်းက ဦးညွတ်ရှိခိုးလေ့ရှိကြောင်း ကျမ်းဂန်၌လာရှိပေသည်။ ဗုဒ္ဓသာသနာဝင်များသည် သိကြားမင်းနှင့် စပ်လျဉ်း၍ အမြင်ရှင်းကြပါစေသတည်း။



# ပဏ္ဍုက် ၊ ဥဘတောဗျည်း
သို့မဟုတ်
# လိင်ပြန်ခြင်းအကြောင်းသိကောင်းစရာ

ကျွန်တော်သည် တစ်နေ့ မိတ်ဆွေတစ်ယောက်နှင့် အတူ လက်ဖက်ရည်ဆိုင်တစ်ဆိုင်မှာ ထိုင်နေပါ၏။ ထိုစဉ် ကျွန်တော့်မိတ်ဆွေက ဆိုသည် -

"ယောကျ်ားကနေ မိန်းမ၊ မိန်းမကနေ ယောကျ်ား ဖြစ်တာမျိုးတွေကို ဘုရားရှင်ဟောခဲ့သလား"

ယင်းသို့ စချီကာ မေးခွန်းထုတ်သည်။

"ဟောခဲ့တာရှိတယ် သူငယ်ချင်း၊ ကိုယ်လေ့လာဖူး တယ်"

ဤတွင် မိတ်ဆွေက ထိုလိင်ဖောက်ပြန်ခြင်းသဘော တရားများကို ပြောပြရန် တိုက်တွန်းသဖြင့် ကျွန်တော် လက်လှမ်းမီသမျှ ပြန်လည်ဆွေးနွေးပြောပြရပါသည်။

## လိင်ဟူသောစကား

"သူငယ်ချင်း၊ လိင်ဆိုတဲ့စကားက လိင်္ဂဆိုတဲ့ ပါဠိမှ ဆင်းသက်လာတာဖြစ်တယ်၊ လိင်္ဂ (လိင်) ကို မြန်မာလိုပြန်ရင် 'ယောက်ျား, မိန်းမ လို့ ခွဲခြားသိစေတတ်တဲ့လက်, ခြေ စတဲ့အင်္ဂါရုပ်များ' လို့ ပြန်ဆိုနိုင်ပါတယ်။

"ဒီကနေ့ လူသိများနေတာကတော့ လိင်ဆိုရင် ယောက်ျား, မိန်းမတို့ရဲ့ အင်္ဂါဇာတ်လို့ပဲ သိမြင်မှတ်ယူနေကြပါတယ်၊ ဒါလည်း မှန်ပါတယ်၊ ကျွန်တော်တို့ ခုပြောရမယ့်ကိစ္စကလည်း ဒီလိင်နဲ့ ပတ်သက်တဲ့အကြောင်းလည်းပါ,ပါတယ်၊ အမှန်ကတော့ 'ဘဝအကြောင်း' ဆိုတာက ပိုကောင်းပါလိမ့်မယ်၊ ကိုယ် လေ့လာမိသမျှပေါ့လေ၊ ခု–တို့ပဏ္ဍုက်အကြောင်းက စ,ရမယ် သူငယ်ချင်း"

ဤတွင် ကျွန်တော့်မိတ်ဆွေက –

"အေးအေးဆေးဆေးပြောပါ သူငယ်ချင်း၊ ဇာတ်ရည်လည်အောင်လည်း ပြောပါ၊ ပါဠိစကားလုံးခက်ခက်ကြီးတွေကိုတော့ အတတ်နိုင်ဆုံး ရှောင်ပါ၊ ကိုယ်တို့ကမှ နားမလည်ဘဲ"

ထို့နောက် ကျွန်တော်က ဆက်လက်၍ ရှင်းပြရပါသည်–

## ပဏ္ဍုက်ဆိုတာ

ကျွန်တော်။ ။ ပဏ္ဍုက်ဆိုတဲ့ စကားက ပဏ္ဍက ဆိုတဲ့ ပါဠိက လာတာဖြစ်ပါတယ်။ ပဏ္ဍက (ပဏ္ဍုက်) ကိုမြန်မာလို မိန်းမလျာ (မိန်းမရှာ)၊ ယောကျ်ားမဟုတ်–မိန်းမမဟုတ်၊ လိင်မထင်ရှားသောသူလို့ အကျဉ်းအားဖြင့် မှတ်နိုင်ပါတယ်။

## ပဏ္ဍုက် (၅) မျိုး

ဒီနေရာမှာ ပဏ္ဍုက် (၅) မျိုးရှိကြောင်းသိဖို့ လိုတယ်၊ အဲဒီ ပဏ္ဍုက် (၅) မျိုးဆိုတာကတော့ --- (၁) အာသိတ္တက ပဏ္ဍုက်၊ (၂) ဉသူယပဏ္ဍုက်၊ (၃) ဩပက္ကမိကပဏ္ဍုက်၊ (၄) ပက္ခပဏ္ဍုက်၊ (၅) နပုံးပဏ္ဍုက် ဆိုပြီး (၅) မျိုးရှိတယ်၊ ဒါကတော့ ပါဠိလို အခေါ်အဝေါ်ပဲပေါ့၊ ခေါ်လို့လွယ်အောင် ပါဠိလိုပြောတာပါ၊ မြန်မာလို ရှင်းလင်းပြောပြပါ့မယ်။

## (၁) အာသိတ္တကပဏ္ဍုက်

နံပါတ် (၁) အာသိတ္တကပဏ္ဍုက်ဆိုတာ သူတစ်ပါးသုက်သွေးကို ပါးစပ်ထဲ သွန်းလောင်းခံရတဲ့အခါ မေထုန်အမှုခေါ် ကျား+မ နှစ်ဦးသား သံဝါသပြု (ပေါင်းဖော်) ရသလို သာယာခြင်း, စိတ်အလိုဆန္ဒပြီးသွားခြင်းဆိုတဲ့ အဖြစ်မျိုးရှိသူကို အာသိတ္တကပဏ္ဍုက်လို့ ခေါ်ပါတယ်၊

နောက်တစ်နည်းအားဖြင့်တော့ သူတစ်ပါးရဲ့ သုက်သွေးကို ပါးစပ်ဖြင့်စုပ်ယူပြီးမှ မေထုန်မှု, သံဝါသမှုပြုလိုတဲ့ စိတ်ဆန္ဒ ရှိသူကိုလည်း အာသိတ္တကပဏ္ဍုက်လို့ပဲ ခေါ်ပါတယ်၊ ဒါက တော့ အာသိတ္တကပဏ္ဍုက်ရဲ့သဘောပဲ ဖြစ်ပါတယ်။

## ဥသူယပဏ္ဍုက်

အခုဆက်ပြီးတော့ နံပါတ် (၂) ဖြစ်တဲ့ ဥသူယပဏ္ဍုက် ရဲ့သဘောကို ပြောမယ်၊ ဒီဥသူယပဏ္ဍုက်ဆိုတာကတော့ **အခြားသူ**တွေ မေထုန်မှုသံဝါသ (ပေါင်းဖော်) မှုပြုနေတာကို **ချောင်း**ကြည့်ပြီး စိတ်ရဲ့အာသာဆန္ဒ ပြေပျောက်ငြိမ်းအေးစေ တာကို ဥသူယပဏ္ဍုက်လို့ ခေါ်ပါတယ်။

## ဩပက္ကမိကပဏ္ဍုက်

နောက် နံပါတ် (၃) ဖြစ်တဲ့ ဩပက္ကမိကပဏ္ဍုက် ဆိုတာကတော့ ငယ်ပါခေါ် ဇေးစေ့ကို ထုတ်ပစ်ခံထားသူကို ခေါ်ပါတယ်၊ ဒီလို ထုတ်ပစ်ခံရတဲ့ ပဏ္ဍုက်တွေ ရှေးက ရှိခဲ့ ပါသတဲ့၊ ဒီဩပက္ကမိကပဏ္ဍုက်သမားကတော့ ပဏ္ဍုက်မဖြစ် သင့်ဘဲ ဖြစ်ရတာလို့ ဆိုနိုင်ပါတယ်၊ သူတို့ရဲ့ ယခုဘဝ ပင်ကိုစိတ်ဓာတ်ကြောင့်တော့ ဟုတ်ဟန်မတူပါဘူး၊ ပြစ်ဒဏ်

တစ်ခုခုကြောင့် ရှေးခေတ်က ဆိုင်ရာဥပဒေများအရ ဒီလို ပြုခံရသူတွေပါ၊ ရှေးဘ၀ ဝဋ်ကြွေးလို့တော့ ဆိုနိုင်ကောင်း ဆိုနိုင်မယ် ဖြစ်ပါတယ်။

## ပက္ခပဏ္ဍုက်

ခု နံပါတ် (၄) ဖြစ်တဲ့ ပက္ခပဏ္ဍုက်ရဲ့အကြောင်းကို ပြောဖို့ဖြစ်ပါတယ်၊ ပက္ခဆိုတာကို အလျှင်သိဖို့လိုပါတယ်။ ပက္ခ–ဆိုတာ ပါဠိ၊ မြန်မာလို–လဆန်း,လဆုတ်လို့လည်း ခေါ်တယ်၊ တစ်နည်းအားဖြင့် လခွဲ, လဝက်လို့လည်း ခေါ်နိုင်ပါတယ်၊ အလွယ်အားဖြင့်တော့ လဆန်း ၁၅ ရက် နဲ့ လဆုတ် ၁၅ ရက်တို့ကို ပြောတာပါပဲ၊ အဲဒီပက္ခသမား ကတော့ လဆန်းပက္ခမှာဖြစ်စေ, လဆုတ်ပက္ခမှာဖြစ်စေ ပက္ခတစ်ခုခုမှာ ကာမရာဂစိတ်, တဏှာစိတ်တွေ ပြင်းပြင်း ထန်ထန် ထကြွလှုပ်ရှားပြီး သံဝါသပြုရမှ–မေထုန်မှီဝဲရမှ ကျေနပ်ပါသတဲ့၊ ဒါက ပက္ခပဏ္ဍုက်ရဲ့ သဘောပါပဲ။

ခု နောက်ဆုံး နံပါတ် (၅) ဖြစ်တဲ့ နပုံးပဏ္ဍုက် အကြောင်းကို ပြောဖို့ပါပဲ၊ နပုံးပဏ္ဍုက်ဆိုတာကတော့ မိန်းမအင်္ဂါ, ယောကျ်ားအင်္ဂါ (လိင်) နှစ်မျိုးလုံးမရှိသူဘဲ ဖြစ်ပါတယ်၊ နောက်ပြီး ဒီနပုံးပဏ္ဍုက်သမားတွေဟာ

တကယ့်ယောက်ျားတွေလို ကျားကျားလျားလျားမရှိဘူး၊ ဘယ် ကိစ္စမျိုးမှာမဆို နိုင်နင်းသန်မာစွာ မထမ်းရွက်နိုင်ဘူးပေါ့"

ဤတွင် ကျွန်တော့်မိတ်ဆွေက ကြားဖြတ်ဝင်မေးသည် -

မိတ်ဆွေ။ ။ ဒါနဲ့တစ်ခုမေးပါရစေဗျာ၊ ဒီနပုံးပဏ္ဍုက်သမားမှာ ကျား+မ အင်္ဂါ (လိင်) နှစ်ရပ်လုံးမပါဘူးဆိုတော့ ဘယ်လိုလုပ်ပြီး ကျင်ငယ်စွန့်မလဲဗျ၊ ဒါလေးလည်း ရှင်းစမ်းပါဦး။

ကျွန်တော်။ ။ ဟာ ဟုတ်တယ်သူငယ်ချင်း၊ မေးသင့်တယ်၊ ဒီလိုတော့ရှိတယ် သူငယ်ချင်း၊ အဲဒီနပုံးပဏ္ဍုက်သမားတွေဟာ ကျား+မအင်္ဂါ(လိင်) နှစ်ခုလုံးမပါပေမယ့် ကျင်ငယ် (အပေါ့) သွားဖို့လမ်းကြောင်းတစ်မျိုးမျိုးတော့ ပါရှိနေတာပေါ့၊ ဒါကတော့ သူ့နည်းသူ့ဟန် တစ်နည်းမဟုတ် တစ်နည်းနဲ့ ပါရှိနေကြရမှာပေါ့ သူငယ်ချင်း။

ကျွန်တော်က ဤသို့ရှင်းပြပြီးနောက် ကျွန်တော့်မိတ်ဆွေက သူ့အမြင်-သူ့အတွေးကို ပြောပါသည်။

မိတ်ဆွေ။ ။ အင်း-ကျမ်းဂန်လာတာတွေကတော့ စုံလို့ပါပဲနော်၊ ကိုယ်ကတော့ ဒီလိုကျမ်းဂန်လာအတိုင်း ပြည့်ပြည့်

စုံစုံ မတွေ့ဖူးပါဘူး၊ ဒါပေမယ့် ခုခေတ်မှာ ဒါမျိုးတွေရှိတော့ ရှိနေမယ်ထင်မိပါတယ်။

ကျွန်တော်။ ။ သူငယ်ချင်းသာ တွေးကြည့်ပါတော့၊ ဒါပေမယ့် ရှေးခေတ်ကသာ ရှိခဲ့တဲ့ နံပါတ် (၃) ဩပက္ကမိက ပဏ္ဍုက်မျိုးတော့ ရှိမယ်မထင်ပါဘူး၊ ကျန်တဲ့အပိုင်းတွေက တော့ ရှိနိုင်ဖြစ်နိုင်ပါတယ်။

## ဥဘတောဗျည်းဆိုတာ

ကျွန်တော်။ ။ ပဏ္ဍုက် (၅) မျိုးအကြောင်းအပြင် ဥဘတောဗျည်းဆိုတာကိုပါ ထည့်ပြောရမယ်၊ ဒါမှ ပိုပြီး ပြည့်စုံမယ်၊ "ဥဘတောဗျဥ္စန" ဆိုတဲ့ ပါဠိကနေ ဥဘတော ဗျည်းလို့ ဖြစ်လာတယ်၊ မြန်မာလိုပြောရယင်တော့ ဥဘတော ဗျဥ္စန (ဥဘတောဗျည်း) ဆိုတာ ယောကျ်ားဖြစ်လိုက်, မိန်းမဖြစ်လိုက် ဖြစ်နေသူလို့ ဆိုရပါမယ်၊ ယောကျ်ားဖြစ် ဆိုက်တဲ့ ကံရော, မိန်းမ ဖြစ်ထိုက်တဲ့ကံပါ ရှေးဘဝက ပါလာသူတွေ ဖြစ်တယ်ပေါ့။

## ဥဘတောဗျည်း (၂) မျိုး

ယောက်ျားဥဘတောဗျည်းနဲ့ မိန်းမဥဘတောဗျည်းရယ်လို့ ဥဘတောဗျည်းဟာ (၂) မျိုးရှိပါတယ်၊ ဆိုလိုတာကတော့ ယောက်ျားအင်္ဂါ (လိင်) မူလရှိတဲ့ ကျား ဥဘတောဗျည်းနဲ့ မိန်းမအင်္ဂါ (လိင်) မူလရှိတဲ့ မ–ဥဘတောဗျည်းလို့ ဆိုလိုပါတယ်၊ အဲဒီဥဘတောဗျည်းနှစ်မျိုးအကြောင်းကို ပြောပြပါ့မယ်။

## ယောက်ျားဥဘတောဗျည်း

ယောက်ျားအင်္ဂါ (လိင်) ရှိနေရာမှ အခြားယောက်ျားတစ်ယောက်ကို မြင်လိုက်တဲ့အခါ မိန်းမစိတ်ဝင်လာပြီး, ကာမရာဂစိတ်တွေ ထကြွသောင်းကျန်းလာပြီး ရှိရင်းယောက်ျားအင်္ဂါ (လိင်) ကွယ်ပျောက်ပြီး မိန်းမအင်္ဂါ (လိင်) တဖြည်းဖြည်းပေါ်လာပါတယ်၊ ဒါကတော့ ယောက်ျားဥဘတောဗျည်းရဲ့ သဘောပါပဲ။

## မိန်းမဥဘတောဗျည်း

မိန်းမဥဘတောဗျည်းဆိုတာကတော့ မူလက မိန်းမအင်္ဂါ (လိင်) ရှိနေရာမှ အခြားမိန်းမတစ်ယောက်ကို မြင်လိုက်တဲ့အခါ ယောက်ျားစိတ်ဝင်လာပြီး ကာမရာဂစိတ်တွေ

ထကြွသောင်းကျန်းလာပြီး ရှိရင်းမိန်းမအင်္ဂါ (လိင်) ကွယ်ပျောက်ပြီး ယောကျ်ားအင်္ဂါ (လိင်) တဖြည်းဖြည်းပေါ်လာပါတယ်၊ ဒါကတော့ မိန်းမဥဘတောဗျည်းရဲ့ သဘောပါပဲ။

မိတ်ဆွေ။ ။ ဒါနဲ့ သူငယ်ချင်း၊ မေးရဦးမယ်၊ ဥဘတောဗျည်းဆိုသူတွေဟာ ကိုယ်ဝန်တည်မှုကိစ္စနဲ့ ပတ်သက်ပြီး ဘယ်လိုရှိသလဲ။

ကျွန်တော်။ ။ မိန်းမဥဘတောဗျည်းကတော့ သူကိုယ်တိုင် ကိုယ်ဝန်တည်နိုင်-ယူနိုင်တယ်၊ ဒါပေမယ့် တစ်ခုထူးတာက သူဟာ ယောကျ်ားစိတ်ဝင်, ယောကျ်ားအသွင်လိင်အင်္ဂါပြောင်းလာတဲ့အခါ အခြားမိန်းမများကိုလည်း ကိုယ်ဝန် တည်စေနိုင်တယ်၊ ယောကျ်ားဥဘတောဗျည်းကတော့ မိန်းမတွေကို ကိုယ်ဝန်တည်စေနိုင်ရဲ့သာရှိပြီး သူကိုယ်တိုင်တော့ ကိုယ်ဝန်မတည်နိုင်ပါဘူး။

မိတ်ဆွေ။ ။ လိင်ပြန်တယ်ဆိုတာကို ပြောပါဦး သူငယ်ချင်း။

ကျွန်တော်။ ။ ရှေးဘဝက ကုသိုလ်ကံဖန်လာလို့ ယောကျ်ားအင်္ဂါ (လိင်) ပါလာပြီး ယောကျ်ားအမည်ခံယူရပေမယ့် ရှေးဘဝက သူတစ်ပါး သမီး, မယား စသည်ပြစ်မှားကျူးလွန်ခဲ့တဲ့ အကုသိုလ်ကံရယ်, ဒီဘဝပစ္စုပ္ပန်ကာလ

မှာ တဏှာ, ရာဂထကြွသောင်းကျန်းလွန်းအားကြီးမှုတွေ ရယ် ပေါင်းစပ်မိလိုက်တော့ ရှေးအတိတ်က ပါလာတဲ့ ယောကျ်ားဖြစ်ခွင့် ကုသိုလ်ကံဟာ အားသေး, မှေးမှိန်သွား ရပြီး ပုရိသဘာဝရုပ်ခေါ်တဲ့ ယောကျ်ားအင်္ဂါဇာတ် (လိင်) ဟာလည်း အရှုံးပေးပျောက်ကွယ်သွားရပြီး မိန်းမအင်္ဂါဇာတ် (လိင်) ဟာ အစားထိုးနေရာယူ ဖြစ်ပေါ်လာတော့တာပါပဲ၊ ဒါဟာ ယောကျ်ားဘဝမှ မိန်းမအဖြစ် လိင်ပြန်ခြင်းသဘော ပါပဲ။

မိတ်ဆွေ။ ။ ဒါဆို သူတစ်ပါး မယား, သမီး **စသည်** ဖြစ်မှားကျူးလွန်မှုတွေဟာ အလွန်ကြောက်စရာကြီး**ပေါ့နော်။**

ကျွန်တော်။ ။ ဟာ– ဟုတ်တာပေါ့၊ နောက်ပြီး ခုဘဝမှာ တဏှာရာဂစိတ်ပြင်းထန်တကြွ သောင်းကျန်းလွန်းအားကြီး သူတွေလည်း ကြောက်စရာပဲဗျ၊ ရှေးအတိတ်အကုသိုလ်က လည်း ပါဝင်ထောက်ပံ့လိုက်မယ်ဆိုရင် ယောကျ်ားစင်စစ်က မိန်းမ, ဖြစ်သွားနိုင်တယ်။

မိတ်ဆွေ။ ။ မိန်းမဘဝကနေ ယောကျ်ားဘဝအဖြစ် လိင် ပြန်ပုံကိုလည်း ဆက်ပြောပါဦး သူငယ်ချင်း ။

ကျွန်တော်။ ။ သူငယ်ချင်းသတိထားမိလိုက်မလားတော့ မသိဘူး၊ မြန်မာနိုင်ငံမှာပဲ မကြာမီ နှစ်များတုန်းက မိန်းမဘဝ

မှ ယောကျ်ားဘဝ ပြောင်းလဲရောက်ရှိလာသူ အချို့အကြောင်း သတင်းစာတွေမှာ တွေ့လိုက်ရတယ်လေ။

အတိတ်ဘဝက အကြောင်းကံကို အခြေခံကာ မိန်းမ အဖြစ်ကို ရလာတယ်၊ ဒါပေမယ့် အဲဒီရှေးဘဝကပင် ယောကျ်ားဖြစ်ခွင့်ကုသိုလ်များကလည်း ပါရှိခဲ့တဲ့အပြင် ခုဘဝ မှာလည်း မြတ်တဲ့အကျင့်ကို ကျင့်တယ်၊ ယောကျ်ားဖြစ်လို တဲ့ စိတ်ဆန္ဒကလည်း ရှိတယ်၊ ယောကျ်ားဖြစ်ဖို့ ကောင်းမှု ပြုဆုတောင်းတယ်၊ သူတစ်ပါး လင်,သား စသည်၌ ဖြစ်မှား ကျူးလွန်မှုကိုလည်း ရှောင်တယ်၊ အဲဒီကောင်းတဲ့ ပြုမှု ဆောင်ရွက်ချက်တွေနဲ့ စောစောကပြောခဲ့တဲ့–အတိတ်ဘဝက ပါလာတဲ့ ယောကျ်ားဖြစ်ခွင့် ကုသိုလ်ကံတို့ ပေါင်းစပ်သွား မိပြီး ပုရိသဘာဝရုပ်ခေါ်တဲ့ ယောကျ်ားအင်္ဂါဇာတ် (လိင်) ဟာ ဖြစ်ပေါ်လာရတယ်၊ ဣတ္ထိဘာဝရုပ်ခေါ်တဲ့ မိန်းမအင်္ဂါ ပပျောက်ပေးရတယ်၊ ဒါဟာ မိန်းမအဖြစ်မှ ယောကျ်ားအဖြစ် လိင်ပြန်ခြင်းသဘောပါပဲ။

ကဲ–သူငယ်ချင်း၊ ဒီလောက်ဆိုရင် တော်လောက်ပြီ ထင်ပါတယ်၊ နိဗ္ဗာန်ဆိုတဲ့ အငြိမ်းဓာတ်ကြီးကို မရရှိနိုင်ကြ သေးသမျှတော့ဖြင့် တို့–ပုထုဇဉ်သတ္တဝါတွေဟာ သံသရာရေ အလျဉ်မှာ ယောကျ်ားဖြစ်လိုက် မိန်းမဖြစ်လိုက်၊ ဗြဟ္မာဖြစ်

လိုက်၊ နတ်ဖြစ်လိုက်၊ လူဖြစ်လိုက် စသည်ဖြင့် တပြောင်းပြောင်းတပြန်ပြန် ကျင်လည်ကြရပေဦးမယ်။ အရိယာသူတော်စင်တွေကတော့ ဒီလိုဘဝအထွေထွေ ဖြစ်ရပ်အမျိုးမျိုးတွေကို ဒုက္ခအဖြစ် တွေးမြင်ကြပြီး စက်ဆုပ်ရွံရှာတော်မူကြလို့ ဘဝဇာတ်သိမ်း အေးငြိမ်းဖို့အတွက် တက်ကြွပြင်းထန်စွာ တရားခမ္မကျင့်ကြံကြိုးကုတ်အားထုတ်ကြပြီး အောင်မြင်မှု နံ့တိုင်မှာ ထာဝရငြိမ်းချမ်းမှုကို ရသွားကြပြီပဲ သူငယ်ချင်း။

[ဆရာတော် အရှင်ဇနကာဘိဝံသ၏ သင်္ဂြိုဟ်ဘာသာ ဋီကာ၊ ဝီထိမုတ်ပိုင်း၊ ပဋိသန္ဓိစတုက္ကအဖွင့်နှင့် ရုပ်ပိုင်း၊ ရုပသမုဒ္ဒေသအဖွင့်တို့ကို မှီး၍ရေးပါသည်။]

## စာရေးသူ၏ အတ္ထုပ္ပတ္တိ



ရတနာသိယ်

အမည်ရင်း - ကျော်သိန်း ဖြစ်သည်။ အဖအမည် - ဦးဘဦး၊ အမိအမည် ဒေါ်မြ ဖြစ်သည်၊ စစ်ကိုင်းတိုင်း၊ရွှေဘိုခရိုင်၊ ကန့်ဘလူမြို့နယ်၊ ကိုးတောင်ဘို့ဘူတာအနောက်ဘက်နှောကုန်းကျေးရွာ၌ မွေးဖွားသည်။ မြန်မာသက္ကရာဇ် ၁၃၁၅ - ခုနှစ်၊ တပို့တွဲလဆန်း (၁၂) ရက်၊ တနင်္လာနေ့၊ (၁၉၅၄- ခုနှစ်၊ ဖေဖော်ဝါရီလ ၁၅-ရက်နေ့) တွင် မွေးဖွားသည်။

ငယ်ရွယ်စဉ်က နှောကုန်းရွာကျောင်း ဘုန်းတော်ကြီး ဦးသောဘိတထံ၌ အခြေခံပညာများကို သင်ယူသည်၊ ကိုရင်ဝတ်ဘဝဖြင့် ကန့်ဘလူမြို့နယ်၊ ကိုးတောင်ဘို့ဘူတာ ကျွန်းကုန်းကျောင်း ဆရာတော် ဦးသီရိန္ဒထံ၌လည်း ပညာသင်ယူခဲ့၏၊

ရွှေဘို၊ မန္တလေး၊ ရန်ကုန်မြို့တို့၌ လောကီ, လောကုတ္တရာ ပညာရပ်များကို သင်ယူခဲ့သည်၊ အသက် ၂၀-အရွယ်၌ ရဟန်းဘဝသို့ ရောက်ရှိခဲ့သည်၊ ရဟန်းတော်များ ဆိုင်ရာ စာမေးပွဲ၌ ပထမကြီးတန်း အဆင့်ထိ ဝင်ရောက်ဖြေဆိုခဲ့၏။

၁၉၇၁-ခုနှစ်မှ စတင်၍ စာပေများရေးသားခဲ့သည်၊ ဗုဒ္ဓဓမ္မလောက၊ ငွေတာရီ မဂ္ဂဇင်း၊ သင့်ဘဝမဂ္ဂဇင်း၊ စာပေလုပ်သားမဂ္ဂဇင်း၊ ယုဝတီဂျာနယ်-စသည့် မဂ္ဂဇင်း၊ ဂျာနယ်၊ စာစောင်များတွင် ကလောင်နာမည်အမျိုးမျိုးဖြင့် ဆောင်းပါးနှင့် ကဗျာများရေးသားခဲ့သည်၊ မြတ်ရတနာစာစောင်၊ မြစ်မခ ဓမ္မစာသဝဏ်မဂ္ဂဇင်းတို့၌တာဝန်ခံအယ်ဒီတာအဖြစ်ဆောင်ရွက်ခဲ့သည်၊ ရန်ကုန်မြို့ရှိပုံနှိပ်တိုက်အချို့တို့၌ စာပြင်ဆရာအဖြစ် လုပ်ကိုင်ခဲ့သည်၊ အခြား ကလောင်အမည်အချို့ဖြင့်ဘာသာရေးဆိုင်ရာလုံးချင်းစာအုပ်(၁၀)အုပ်ခန့် ရေးသားခဲ့သည်၊ ယခုအခါဗုဒ္ဓဓမ္မလောကစာစောင်၌အယ်ဒီတာအဖြစ် တာဝန်ထမ်းဆောင်ရင်း - စာပေရေးသားပြုစုရင်း ရန်ကုန်မြို့၌ နေထိုင်လျက် ရှိသည်။